# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၇)ရက် ၊ စနေနေ့ ၊ (13-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်**

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာလဆန်းပိုင်းထိ တရုတ်နိုင်ငံသို့ သွားရောက်၍

**စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်

အယ်ဒီတာ့အာဘော်

# လူကုန်ကူးမှုတိုက်ဖျက်ဖို့ ပူးပေါင်းပါဝင်စို့

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ စတင်ကာ နှစ်စဉ်စက်တင်ဘာ ၁၃ ရက်ကို လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၀၅ ခုနှစ် ဇွန် ၁၆ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ပြင်ဆင်သတ်မှတ်ကာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်၏ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့၏ဆောင်ပုဒ်မှာ **"လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့"** ဖြစ်ပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက်သည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်ကတည်းကပင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅) နှစ် စီမံကိန်း(၂၀၁၂-၂၀၁၆) ပါ နှစ်အလိုက် လုပ်ငန်းစီမံချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုဖြင့် ၅၃ မှုကို အရေးယူဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ ၂၀ ရက်နေ့ထိ လူကုန်ကူးမှု ၈၀ မှု အရေးယူနိုင်ခဲ့သောကြောင့် ယခင်နှစ်ထက် လူကုန်ကူးမှုများကို တိုးမြှင့်ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

လူကုန်ကူးသူများသည် ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိသည်။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း၊ ဆင်းရဲခြင်း၊ အသိပညာဗဟုသုတ နည်းပါးခြင်း၊ အိမ်တွင်းအကြမ်းဖက်ခံရခြင်း၊ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းရမည်ဖြစ်ကြောင်း ပြောဆိုမှုများကိုနားယောင်မိခြင်းစသည်တို့ကြောင့် လူကုန်ကူးခံရသူများ ဖြစ်လာကြသည်။ တချို့သောသူများသည် အားနာတတ်မှု၊ ရိုးသားမှု၊ မသိနားမလည်မှု၊ တိုင်းတစ်ပါးကို အထင်ကြီးမှုတို့ကြောင့် တစ်ဖက်နိုင်ငံတွင် အခိုင်းအစေအဖြစ်ရောင်းချခံရခြင်း၊ အဓမ္မလက်ထပ်ထိမ်းမြားခံရခြင်း၊ အဓမ္မအလုပ်စေခိုင်းခံရခြင်း၊ ပြည့်တန်ဆာအလုပ်စေခိုင်းခံရခြင်းတို့ကို ခံကြရသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်လိုသူများအပေါ် အကျိုးအမြတ်ရယူလိုသူများ၊ ခေါင်းပုံဖြတ်လိုသူများကြောင့် တရားမဝင်ရွှေ့ပြောင်းသွားလာသူများသည် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများအဖြစ် ရောက်ရှိလာရသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုကို နိုင်ငံဖြတ်ကျော် မှုခင်းတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်၍ တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲပင်ဖြစ်သည်။

သို့ဖြစ်ရာ လူကုန်ကူးမှုသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိပြီး လူလူချင်းခေါင်းပုံဖြတ်အမြတ်ထုတ်သော လူမဆန်သည့် ရာဇဝတ်မှုဖြစ်သည်။ နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများ၊ ကယ်တင်ရေးနှင့်ကူညီရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ လူစည်ကားရာနေရာများတွင် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရုပ်မြင်သံကြားမှတစ်ဆင့် အသိပညာပေးဇာတ်လမ်းများ ထုတ်လွှင့်ပြသခြင်း၊ အော်ပရေတာများမှတစ်ဆင့် SMS များပေးပို့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် အရေးပေါ်တိုင်ကြားနိုင်သည့် Hot Line ဖုန်းများထူထောင်ပြီး သတင်းများလက်ခံကာ အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိသည်။ မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း လူကုန်ကူးမှုများ ကင်းရှင်းသည်ထိ တိုက်ဖျက်ကြရာတွင် အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးက လူကုန်ကူးမှုပပျောက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီး ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ထံ အောင်နိုင်ရေးအလံပေးအပ်ပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ၂၀၁၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် (ဗဟို) အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ထံ အောင်နိုင်ရေး အလံ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ် ဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ပြိုင်ပွဲဝင်ခရိုင်နှင့် တက္ကသိုလ်များမှ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူများအနေဖြင့် ဗဟိုအဆင့်ပြိုင်ပွဲများတွင် တိုင်းဒေသကြီးဂုဏ်ကို ဆောင်ပြီး ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်အောင် စခန်းသွင်းလေ့ကျင့်သည့် အချိန်ကာလတွင် ဘာသာရပ်အလိုက် အနုပညာအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်အောင် ထိရောက်မှန်ကန်စွာဖြင့် စနစ်တကျ လေ့ကျင့်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ် ပညာရှင်များကို ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေများကို ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲ၊ အတီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က (ဗဟို) အဆင့်သို့ သွားရောက် ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့အုပ်ချုပ်သူ စည်ပင်သာယာရေးဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးထံသို့ အောင်နိုင်ရေး အလံကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၈၆၉ ဧက စိုက်ပျိုးမည်

**ခင်ဦး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၈၆၉ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၉၈၆၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ကုန် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် စက်တင်ဘာလ ပထမပတ်မှ ယနေ့တိုင် ဒေသထွက်ကုန်ငါးမြွေထိုးခြောက်များ ဝယ်ယူမှုကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ငါးမြွေထိုးခြောက်များကို ဒေသတွင်း ဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန်စသည့်မြို့များက ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"ငါးမြွေထိုးခြောက်တွေက အခုလ ပထမပတ်လောက်ကတည်းက အရောင်းသွက်ခဲ့တာပါ။ လက်ရှိတော့ ပုံမှန်ထက် တော်တော်လေးကို အရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေ အမှာများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းလုပ်ကိုင်တဲ့ နယ်ပယ်အသီးသီးက သူတွေလဲ အဆင်ပြေလာပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ငါးခြောက် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး အချိုအငန်စပ်ပြီး စနစ်တကျ အခြောက်လှန်းကာ စားသုံးရန် အဆင့်ထိပြုလုပ်ပြီး ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၈၅၀၀ ထိ အရွယ်အစားအလိုက်ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖက်ကုန်းကျေးရွာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ သုဓမ္မမဏိဇောတ ဓရဦးစိုးလင်း-ဒေါ်အေးအေးကြိုင် စိုးမဟာကုမ္ပဏီလီမိတက်မိသားစုက ဆွမ်းအလှူငွေ၊ ကျောက်ကပ်ဌာနနှင့် ဆွမ်းစားဆောင်အတွက် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၀၅၀၀၀၀၀ လှူဒါန်းရာ နာယကကြီးများဖြစ်သော ဦးတင်မောင်၊ ဦးမောင်ကို၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကသာခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၃၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၄ ဧက၊ အင်းတော်မြို့နယ်တွင် ၂၆ ဧကနှင့် ထီးချိုင့်မြို့နယ်တွင် ၉၇၇ ဧက စုစုပေါင်း ၁၀၃၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ မတ်ပဲ ၁၀၃၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားမှာပါ"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ စသည့်အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# သံဖြူဇရပ်မြို့နယ် ဘုရားလေးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားလေးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် နှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၆၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၆၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၁၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၆၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငှက်ပျောသီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် ဖီးကြမ်းငှက်ပျောသီးတွေကို ရန်ကုန်ဈေးကွက်ပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို ငှက်ပျောသီးတွေက ဝယ်လိုအားများနေပါတယ်။ ပန်းတနော်မြို့နယ်က ထွက်ရှိတဲ့ ဖီးကြမ်းငှက်ပျောသီးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှုများပြားနေပါတယ်"ဟု ပန်းတနော်မြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ဒေသထွက်ဖီးကြမ်းငှက်ပျောသီးများ အရောင်းအဝယ်ပြုလုပ်နေရသည့်အတွက် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်ချောကလက်(ကိုကိုး)ပင်၏ သိကောင်းစရာများ

ဒေါက်တာလပြည့်ခင်



**ကိုကိုးပင် COCOA (CHOCOLATE TREE)**

ချောကလက်ပင် (Chocolate Tree) ဟုလူသိများသော ကိုကိုးပင် (COCOA) ၏မျိုးရင်းအမည်မှာ Sterculiaceae၊ Malvaceae ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Theobroma Cacao၊ Cacao Minar Gaertn ဖြစ်သည်။ ကိုကိုးပင်သည် ချောကလက်ပြုလုပ်သောအပင်တစ်မျိုးဖြစ်ပြီး ကိုကိုးစေ့ကို ကိုကိုးမှုန့်၊ ကိုကိုးထောပတ် (Cocoa Butter)၊ ချောကလက် (Chocolate)စသည့်အစားအစာများပြုလုပ်ရာတွင်သာ အသုံးပြုရသည်ဟု ကြာမြင့်စွာ သတ်မှတ်ခဲ့ကြသော်လည်း ယခုအခါတွင် အချို့ကဆေးအဖြစ်လည်း အသုံးပြုကြသည်။ လူတိုင်းနီးပါးကြိုက်နှစ်သက်သည့်ချောကလက်ဖြစ်စေသည့် ကိုကိုးပင်၊ ကိုကိုးသီးနှင့် ကိုကိုးစေ့တို့၏ ကျန်းမာရေးကောင်းကျိုးများ အပါအဝင်သိကောင်းစရာအဖြာဖြာတို့ကို တင်ပြလိုပါသည်။

**ကိုကိုးပင်၏ ဇာတိရင်းမြစ်**

ကိုကိုးပင်များ၏ မူလပေါက်ရောက်သော အရပ်မှာ အမေရိကတိုက်ယာဉ်စွန်းတန်းများအတွင်းရှိ ပူပြင်းစွတ်စိုသော ဒေသများဖြစ်ပြီး ထိုမှတစ်ဆင့် အာဖရိကတိုက်နှင့်အာရှတိုက်ရှိပူပြင်းသော ဒေသတို့တွင် စိုက်ပျိုးလာခဲ့ကြသည်။ ယခုအခါတွင် အာဖရိကတိုက်၌ ကိုကိုးပင်ကို အမြောက်အမြား စိုက်ပျိုးလျက်ရှိလေသည်။ ကိုကိုးပင်သည် ဆယ့်နှစ်ရာသီစိမ်းလန်းသော အမြဲစိမ်းပင်ဖြစ်ပြီး အမြင့်ပေ ၂၀ မှပေ ၄၀ ထိရှိ၍ တစ်နှစ်ပတ်လုံး အပွင့်များပွင့်သည်။ ကိုကိုးအပွင့်နှင့်အသီးများသည် ပင်စည်မှလည်းကောင်း၊ အကိုင်းရင့်ကြီးများမှ လည်းကောင်း ထွက်၍ ပွင့်ကြသီးကြသည်။ ကိုကိုးပင်ကို အခြားအပင်ကြီးများက ကာကွယ်ထားမှသာလျှင် သီးသမျှအသီးတိုင်း အောင်မြင်သောကြောင့် အချို့ကိုကိုးခြံများတွင် ငှက်ပျောပင်များကို အရိပ်ရစေရန်ရော၍ စိုက်ပျိုးတတ်ကြသည်။

**ကိုကိုးပင်စိုက်ပျိုးသည့် ဒေသများ**

ကိုကိုးပင်ကို မက္ကဆီကို၊ အီကွေဒေါ၊ ဗင်နီဇွဲလား၊ ဘရာဇီးလ်၊ ကျူးဘား၊ ပွာတိုရီကို၊ ဟေတီ၊ ဒိုမီနီကန်ရီပတ်ပလစ်၊ ထရီနီဒက်၊ ဂျမေကာ၊ ပေါ်တူဂီ အရှေ့အာဖရိကနယ်နှင့် သီရိလင်္ကာကျွန်းများတွင် အများအပြားစိုက်ပျိုးကြသည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာနိုင်ငံတို့တွင်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုကိုးပင်ကို တောင်ဘက်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့နှင့် ကံပေါက်ဒေသတို့တွင်သာ စိုက်ပျိုးထွက်ရှိသည်။

**ကိုကိုးစေ့တွင်ပါဝင်သော အာဟာရနှင့်သတ္တုဓာတ်များ**

ကိုကိုးစေ့တွင် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး ဗီတာမင်ဓာတ်များဖြစ်သည့် သိုင်ရာမင်၊ ရီဘိုဖလေဗင်၊ နီအာစင်၊ ဖောလိတ်နှင့် ဗီတာမင်ဘီ-၆၊ ဗီတာမင်အီး၊ ဗီတာမင်ကေတို့လည်းပါဝင်သည်။ ထို့ပြင် သတ္တုဓာတ်များဖြစ်သည့် ပိုတက်စီယမ်၊ ဖော့စဖရတ်၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ် ပါဝင်သည့်အပြင် ကိုလက်စထရော လုံးဝပါဝင်ခြင်းမရှိပေ။

**ဓာတ်တိုးဆန့်ကျင်အာနိသင် ကြွယ်ဝခြင်း**

ကိုကိုးစေ့တွင် ပိုလီဖီနော ဟုခေါ်သည့် ဓာတ်တိုးဆန့်ကျင် အာနိသင်ပါဝင်သောကြောင့် နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သကဲ့သို့ အကျိုးပြုကိုလက်စထရော မြင့်တက်စေနိုင်ပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည်။

**သွေးတိုးကျစေနိုင်ခြင်း**

ကိုကိုးစေ့တွင် Flavanols ကြွယ်ဝစွာပါဝင်သဖြင့် Nitric Oxide ပမာဏကိုတိုးပွားစေကာ သွေးကြောများ၏လုပ်ဆောင်မှုကို ကောင်းမွန်စေပြီး သွေးစီးဆင်းမှုကောင်းစေသောကြောင့် သွေးတိုးခြင်းမဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်သည်။ သွေးပေါင်ကိုကျစေသော ဓာတုပစ္စည်းတစ်ခုဖြစ်သည့် Flavo-noids သည် ချောကလက်အဖြူနှင့် နို့ချောကလက်တို့ထက် ချောကလက်အမည်းတွင် ပိုမိုပါဝင်သည်။

**ရုတ်တရက်နှလုံးရပ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်း**

ကိုကိုးစေ့တွင် Flavanols ပါဝင်နေသောကြောင့် အကျိုးပြု ကိုလက်စထရောပမာဏကို မြင့်တက်စေပြီး ရောင်ရမ်းမှုကိုကျစေသည်။ သွေးစီးဆင်းမှုကောင်းစေပြီး သွေးတိုးနိုင်ခြေကို လျှော့ချပေးမှုကြောင့် နှလုံးကျန်းမာရေးကို ကောင်းစေကာ ရုတ်တရက်နှလုံးရပ်ခြင်းနှင့် လေဖြတ်ခြင်းမဖြစ်ပွားစေရန်ကာကွယ်ပေးသည်။ ကိုကိုးစေ့က နှလုံးကျန်းမာရေးကိုကောင်းမွန်အောင် အထိရောက်ဆုံး ပံ့ပိုးပေးနိုင်သည်။

**ဦးနှောက်ကျန်းမာစေခြင်း**

ကိုကိုးစေ့တွင်ပါဝင်သည့် Flavanols က အာရုံကြောဆဲလ်များကို ကျန်းမာစေကာ ဦးနှောက်လုပ်ဆောင်မှုကိုကောင်းမွန်စေပြီး ဦးနှောက်သို့သွေးစီးဆင်းရောက်ရှိမှု ကောင်းမွန်စေသကဲ့သို့ ဦးနှောက်တစ်ရှူးများကို ကျန်းမာစေသည်။ အသက်အရွယ်ကြောင့်ဖြစ်သည့် မှတ်မိနိုင်စွမ်းလျော့ကျမှုကို ကာကွယ်ပေးသကဲ့သို့ အယ်ဇိုင်းမားရောဂါကိုလည်း အထိရောက်ဆုံးဟန့်တားပေးနိုင်သည်။

**စိတ်ခံစားမှုကောင်းမွန်စေခြင်း**

ကိုကိုးစေ့ကို စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်များခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကို သက်သာစေရန် အသုံးပြုပေးနိုင်သည်။ ကိုကိုးစေ့တွင် ပါဝင်သည့် Flavanols က စိတ်ခံစားမှုကောင်းမွန်စေပြီး စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်များခြင်းနှင့် စိတ်ဖိစီးခြင်းများကို သက်သာစေနိုင်သည်။

**အမျိုးအစား(၂)ဆီးချိုကိုသက်သာစေနိုင်ခြင်း**

ချောကလက်ကို ပမာဏအများအပြားစားသုံးခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို မြင့်တက်စေပြီး ဆီးချိုဖြစ်စေနိုင်သော်လည်း အနက်ရောင်ချောကလက် သို့မဟုတ် ကိုကိုးကိုထိုက်သင့်သည့် ပမာဏစားသုံးပေးမည်ဆိုလျှင် အင်ဆူလင်ထုတ်လုပ်မှု ကောင်းမွန်စေပြီး သွေးတွင်းသကြားဓာတ်ကို အကောင်းဆုံး ထိန်းညှိပေးသဖြင့် ဆီးချိုမဖြစ်အောင် ကာကွယ်ပေးနိုင်သကဲ့သို့ ဆီးချိုသက်သာစေသည်။

**အဝမလွန်စေရန်ကာကွယ်ပေးနိုင်ခြင်း**

ချောကလက် သို့မဟုတ် ကိုကိုးပါသည့်အရာတစ်ခုခုကို စားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်ကျစေနိုင်သကဲ့သို့ အဝမလွန်စေရန် အထိရောက်ဆုံး ကာကွယ်ပေးသည်။ ထို့ပြင် ကိုကိုးက ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေပြီး ကိုယ်ခံအားကောင်းစေသည်။ သွားနှင့်ခံတွင်းကို ကျန်းမာစေသကဲ့သို့ အရေပြားကိုလည်းကျန်းမာစေသည်။ ပန်းနာရင်ကျပ်ကို ကာကွယ်ပေးနိုင်ပြီး ဗက်တီးရီးယားများကို တိုက်ဖျက်ပေးခြင်းအစရှိသည့် ကျန်းမာရေးအာနိသင်များကိုလည်းပံ့ပိုးပေးသည်။ ကိုကိုးကို သင့်တင့်သည့် ပမာဏစားသုံး၍ ကျန်းမာရေးကိုစောင့်ရှောက်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ကြိုတင်သတိပြုရန် အချက်များ**

ကိုကိုးစေ့ကိုအသုံးမပြုမီ ချောကလက်နှင့် ဓာတ်မတည့်သော လက္ခဏာများရှိ၊ မရှိကိုဆန်းစစ်၍ ဓာတ်မတည့်မှုရှိသူများအနေဖြင့် ကိုကိုးစေ့ကို အသုံးမပြုသင့်ပါ။ နှလုံးသွေးကြောရောဂါ၊ အူရောင်ရောဂါနှင့် အူလမ်းကြောင်းမကောင်းသောရောဂါများ ရှိ၊ မရှိ စစ်ဆေး၍ ထိုရောဂါများရှိလျှင် ကိုကိုးစေ့ကို အများကြီး မသုံးစွဲသင့်ပါ။ ကိုကိုးစေ့ကို အေးပြီးခြောက်သွေ့သောနေရာတွင် ထားရန်နှင့် ကိုကိုးစေ့ပါဝင်သော ထုတ်ကုန်များကို တိရိစ္ဆာန်များနှင့် ဝေးရာတွင် ထားရန်လိုအပ်သည်။ ဆေးဖက်ဝင်အပင်များကို အသုံးပြုသည့်အခါတွင် ဓာတုဆေးဝါးများကိုအသုံးပြုသည်ထက် လိုက်နာရမည့်စည်းမျဉ်းများနည်းတတ်သည်။

**ဘေးထွက်ဆိုးကျိုးများ**

ကိုကိုးမှုန့်ကို သင့်တင့်ရုံသာ သောက်သုံးလျှင်များသောအားဖြင့် ခံနိုင်ရည်ရှိကြသော်လည်း တစ်ခါတစ်ရံ အနီကွက်များလည်း ထွက်နိုင်သည်။ အသုံးပြုသောလူတိုင်း ထိုဘေးထွက်ဆိုးကျိုးများမရှိသော်လည်း အခြားသောဆိုးကျိုးများလည်း ရှိနေနိုင်သည်။ အကယ်၍ အခြားသော ဘေးထွက်ဆိုးကျိုးများကို စိတ်ပူပါက ဆရာဝန် သို့မဟုတ် ဆေးပင်ကျွမ်းကျင်သူနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။

**ဆေးဓာတ်ပြုမှုများ**

ကိုကိုးပင်တွင်ပါဝင်သော Tyramine ဓာတ်သည် MAOI ဆေးများ၏ သွေးကြောပိတ်သော အာနိသင်ကို တိုးစေသော်လည်း အတူတွဲမသုံးသင့်ပေ။ ကိုကိုးပင်သည် Theophylline ပမာဏကို တိုးစေခြင်း၊ ကိုကိုးပင်သည် Ephedra၊ Guarana နှင့် Yerba Mate ပစ္စည်းများ၏ အာနိသင်ကို တိုးစေခြင်းတို့ဖြစ်စေပြီး ကိုကိုးကို ကော်ဖီ၊ လက်ဖက်ရည်၊ ကိုလာကဲ့သို့သော ကဖင်းဓာတ်ပါသော အစားအစာ၊ အရည်များနှင့်တွဲသောက်သည့်အခါ ပင်မအာရုံကြောစနစ်ကို လှုံ့ဆော်မှုကိုတိုးစေသည်။ ကိုကိုးကို ပမာဏအများအပြားသောက်သည့်အခါ သွေးထဲရှိ Catechola-mines ဓာတ်ကို များစေသောကြောင့် သွေးထွက်ချိန်ကြာတတ်သည်။

အစေ့ကိုချောကလက်ပြုလုပ်သော အပင်တစ်မျိုးဖြစ်သည့် ကိုကိုးပင်သည် အစားအစာပြုလုပ်ရာတွင်လည်းကောင်း ဆေးအဖြစ်လည်းကောင်း အသုံးပြုလာကြသည်။ ကိုကိုးက ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေ၍ ကိုယ်ခံအားကောင်းမွန်စေပြီး သွား၊ ခံတွင်းနှင့် အရေပြားကို ကျန်းမာစေသည်။ ကိုကိုးပင်၏အစေ့ကို အူလမ်းကြောင်းရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရင်ကြပ်ရောဂါ၊ လေပြွန်ရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါတို့အတွက် ဆေးအဖြစ်အသုံးပြုသည်။ ကိုကိုးအစေ့ခွံကို အသည်း၊ ဆီးအိတ်၊ ကျောက်ကပ်၊ ဆီးချိုရောဂါများအတွက် အားဆေးရည်အဖြစ်လည်းကောင်း၊ အထွေထွေရောဂါသုံး အိမ်သုံးဆေးအဖြစ်လည်းကောင်း၊ ကိုကိုးထောပတ်ကို ကိုလက်စထရောလျှော့ချရန်အတွက်လည်းကောင်း အသုံးပြုနိုင်သည်။ ပန်းနာရင်ကျပ်ရောဂါကို ကာကွယ်ပေးပြီး ဗက်တီးရီးယားများကို တိုက်ဖျက်ပေးခြင်းဖြင့် ကျန်းမာရေးအာနိသင်များကို ပံ့ပိုးပေးသော ကိုကိုးကိုအစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာ စားသုံး၍ ကျန်းမာရေး အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

❖ ကိုကိုးစေ့တွင် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး ဗီတာမင်ဓာတ်များဖြစ်သည့် သိုင်ရာမင်၊ ရီဘိုဖလေဗင်၊ နီအာစင်၊ ဖောလိတ်နှင့် ဗီတာမင်ဘီ-၆၊ ဗီတာမင်အီး၊ ဗီတာမင်ကေတို့လည်း ပါဝင်သည်။ ထို့ပြင် သတ္တုဓာတ်များဖြစ်သည့် ပိုတက်စီယမ်၊ ဖော့စဖရတ်၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ် ပါဝင်သည့်အပြင် ကိုလက်စထရော လုံးဝပါဝင်ခြင်းမရှိပေ။ ကိုကိုးစေ့တွင် ပိုလီဖီနော ဟုခေါ်သည့် ဓာတ်တိုးဆန့်ကျင်အာနိသင်ပါဝင်သောကြောင့် နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သကဲ့သို့ အကျိုးပြုကိုလက်စထရော မြင့်တက်စေနိုင်ပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည်။❖

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၀၇၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၀၇၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မြေထောက်ပဲသီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၃၈၄ ဧက၊ ကလေးဝမြို့နယ်တွင် ၁၆၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၅၂၉ ဧက စုစုပေါင်း ၄၀၇၈ ဧက တို့ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ မြေထောက်ပဲ ၄၀၇၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြေထောက်ပဲစိုက်ပျိုးမည့် တောင်သူများအနေဖြင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးအနုအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဒေသထွက် အုန်းသီးအနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက အုန်းသီးအနုအလုံးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း အုန်းသီးအနုအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ ဩဂုတ်လမှာ အုန်းသီးအနုတွေ ဝယ်ယူအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာ အုန်းသီးအနုအလုံးရေအနေနဲ့ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ စက်တင်ဘာလထဲမှာလည်း အုန်းသီးအနုတွေ ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်လိုအားတက်လာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့အထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု ငပုတောမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းရှင်များ၊ အုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း ငပုတောမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လူကုန်ကူးမှု တိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့

- စားဝတ်နေရေး မြော်တွေးရှက်ဆောင်
  နေ့စဉ်ဘဝ ရာကြဉ်လူ့ဘောင်
  သိန်းသန်းရာထောင် မြားမြောင်စီးပွား
  သူ့ထက်ငါသာ အပြိုင်ရှာ
  ဝင်လာငွေကြေး များသည်နှင့်လေး။

- သက်ရှိလူသား စိတ်ထားမှန်စွာ
  ရိုးသားကြိုးစား စီးပွားရှာဖွေရာ
  ကောင်းရာကိုသာ ထိန်းကာရင်ထဲ
  လူအချင်းချင်းမှာ ကိုယ်ချင်းစာ
  ချမ်းသာကိုယ်စိတ် မြဲသည်နှင့်လေး။

- လောဘလွန်ကဲ ဖြစ်ဆဲအမှုပွေ
  လူကုန်ကူးမှု တွေးရှုဆင်ခြင်စေ
  သောကထွေထွေ ကြုံနေဖြစ်မျိုး
  ခေါင်းပုံဖြတ်သူ ခံရသူ
  ပူပင်သောက တိုးသည်နှင့်လေး။

- ဖြစ်ရပ်မရိုး ဆိုးကျိုးများတွေ
  လိမ်လည်လှည့်ဖြား မုသားအထွေထွေ
  စကားရွှန်းဝေ ပြောနေအံ့မခန်း
  လက်တွေ့လုပ်ခွင် ခက်ခဲဝင်
  စိတ်တွင်ညှိုးကျ နွမ်းသည်နှင့်လေး။

- ရည်ရွယ်မျှော်မှန်း လန်းဆန်းလုပ်ခွင်
  ရောက်ရသည်က ဘဝခက်ခဲပင်
  စိတ်ကူးအထင် ကုန်စင်လွဲမှား
  နောင်တရလာ ဖြစ်ရရှာ
  သိက္ခာကင်းမဲ့ သွားသည်နှင့်လေး။

- လူသားချင်းငှာ ကိုယ်ချင်းစာ
  လူကုန်ကူးတာ ရပ်သင့်ပြီ။ ။
- တို့များပြည်ရွာ အေးချမ်းသာ
  ရှိန်ဟုန်ထူးစွာ မြင့်လိမ့်မည်။ ။

**မန္တလာကိုကိုဝင်း**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ရွေးချယ်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဂျပန်စိုက်ပျိုးရေးဝန်ကြီးရည်ရွယ်

**တိုကျို စက်တင်ဘာ ၁၂**

လက်ရှိအာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ရွေးချယ်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဂျပန်စိုက်ပျိုးရေးဝန်ကြီး ရှင်ဂျီရိုကိုအိဇုမိကရည်ရွယ်ထားကြောင်း ဂျပန် ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ပါတီခေါင်းဆောင်သစ် ရွေးချယ်ပွဲကို အောက်တိုဘာ ၄ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

လွှတ်တော်ရွေးကောက်ပွဲ အရှုံးရလဒ်များအတွက် တာဝန်ယူသည့်အနေဖြင့် ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အီရှီဘာကကြေညာပြီးနောက် ပါတီခေါင်းဆောင်သစ် ရွေးချယ်ရန်စီစဉ်ထားခြင်းဖြစ်သည်။

ဂျပန်မီဒီယာများ၏အဆိုအရ အောက်တိုဘာ ၄ ရက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးချယ်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် စိုက်ပျိုးရေးဝန်ကြီး ရှင်ဂျီရိုကိုအိဇုမိက ရည်ရွယ်ထားကြောင်း ဂျပန်အစိုးရ သတင်းအရင်းအမြစ်များက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

စိုက်ပျိုးရေးဝန်ကြီး ရှင်ဂျီရိုကိုအိဇုမိသည် ဆန်ဈေးနှုန်းများ မြင့်တက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့မှုကြောင့် ပြည်သူ့ထောက်ခံမှု အခိုင်အမာ ရယူထားနိုင်သူဖြစ်သည်။

စိုက်ပျိုးရေးဝန်ကြီး ရှင်ဂျီရိုကိုအိဇုမိသည် ဂျပန်ဝန်ကြီးချုပ်ဟောင်း ဂျူနီချီရိုကိုအိဇုမိ၏သားဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




# ကာတာနိုင်ငံ ဒိုဟာမြို့ကို အစ္စရေးတိုက်ခိုက်မှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဝေဖန်ရှုတ်ချ

**နယူးယောက် စက်တင်ဘာ ၁၂**

ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ဟားမတ်စ်အုပ်စု နိုင်ငံရေး ခေါင်းဆောင်များအား အစ္စရေးနိုင်ငံကတိုက်ခိုက်ခဲ့မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စက်တင်ဘာ ၁၁ ရက်တွင် ပူးတွဲကြေညာချက်ထုတ်၍ ရှုတ်ချခဲ့သည်။

သို့ရာတွင် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံစလုံး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ထားသော အဆိုပါပူးတွဲကြေညာချက်တွင် အစ္စရေးနိုင်ငံကို အမည်နာမအားဖြင့် ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် စက်တင်ဘာ ၉ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ဟားမတ်စ်အုပ်စု နိုင်ငံရေး ခေါင်းဆောင်များကို လေကြောင်း တိုက်ခိုက်မှုဖြင့် ရှင်းလင်းရန် ကြိုးပမ်းခဲ့သည်။

အစ္စရေး၏ အဆိုပါလေကြောင်း တိုက်ခိုက်မှုကို အဓိကမဟာမိတ်ဖြစ်သည့် အမေရိကန်နိုင်ငံနှင့် ကာတာနိုင်ငံတို့အပြင် ကမ္ဘာ့နိုင်ငံအများအပြားကလည်း ဝေဖန်ရှုတ်ချခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ စက်တင်ဘာ ၁၁ ရက် ဒိုဟာမြို့ တိုက်ခိုက်မှုပူးတွဲကြေညာချက်ကို အမေရိကန် နိုင်ငံကလည်း ထောက်ခံမှုပေးထားသည်။

အစဉ်အလာအားဖြင့် အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အစ္စရေးကို အကာအကွယ်ပေးလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှု ရုရှားနှင့် ဘယ်လာရုစ်တပ်များစတင်



**မော်စကို စက်တင်ဘာ ၁၂**

ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် ယနေ့တွင် ဇာပက်ဒ်-၂၀၂၅ အမည်ရှိ နှစ်စဉ်ပူးတွဲစစ်ရေး လေ့ကျင့်မှု စတင်ပြုလုပ်နေပြီဖြစ်သည်။

ဇာပက်ဒ်-၂၀၂၅ စစ်ရေးလေ့ကျင့်မှုကို ရုရှားနှင့် ဘယ်လာရုစ်နှစ်နိုင်ငံစလုံး၌ ပြုလုပ်နေခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဇာပက်ဒ်-၂၀၂၅ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၁၆ ရက်နေ့ထိ ပြုလုပ်ရန် ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့က စီစဉ်ထားသည်။

ယူကရိန်းနိုင်ငံကို လေကြောင်း တိုက်ခိုက်မှုပြုလုပ်စဉ် ပိုလန် လေပိုင်နက်ထဲသို့ ဝင်ရောက်သွားသည့် ရုရှားမောင်းသူမဲ့လေယာဉ်များကို ပိုလန်လေတပ်နှင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး) လေယာဉ်များက ပစ်ချခဲ့ပြီး နှစ်ရက်အကြာတွင် ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့က စတင်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ပိုလန် လေပိုင်နက်အတွင်း ဝင်ရောက်ခဲ့သည့် မောင်းသူမဲ့လေယာဉ်များမှာ ရုရှားမောင်းသူမဲ့လေယာဉ်များ မဟုတ်ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေး လေ့ကျင့်မှုများကို ပိုလန်နယ်စပ်အနီး နယ်မြေများတွင်လည်း ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားထားသည်။

Ref : RT

Trs : KKO

# အမေရိကန်၌ ဖမ်းဆီးခံရသည့် အလုပ်သမားဦးရေ ၃၀၀ ကျော် တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ဆိုးလ် စက်တင်ဘာ ၁၂**

အမေရိကန်လူဝင်မှု ကြီးကြပ်ရေးဌာန၏ ဖမ်းဆီးမှုခံခဲ့ရသော တောင်ကိုရီးယား အလုပ်သမားဦးရေ ၃၀၀ ကျော်လိုက်ပါလာသည့် စင်းလုံးငှားခရီးသည်တင်လေယာဉ်သည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်လေဆိပ်သို့ ရောက်ရှိလာပြီဖြစ်သည်။

၎င်းအလုပ်သမား ၃၀၀ ကျော် ပြန်လည်လွှတ်မြောက်လာရေးနှင့် တောင်ကိုရီးယားသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် တောင်ကိုရီးယားတာဝန်ရှိသူများမှာ အမေရိကန်အစိုးရနှင့် ရက်သတ္တပတ်ကြာဆွေးနွေးညှိနှိုင်းခဲ့ရသည်။

အဆိုပါတောင်ကိုရီးယားနိုင်ငံသားများသည် ဂျော်ဂျီယာပြည်နယ်၌ တောင်ကိုရီးယားအခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီက တည်ဆောက်နေသည့်မော်တော်ယာဉ်ဘက်ထရီစက်ရုံကို အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနက ဝင်ရောက်စီးနင်းစဉ် ဖမ်းဆီးခံခဲ့ရသူများဖြစ်ကြကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံသားများ ယင်းကဲ့သို့ အစုလိုက်အပြုံလိုက်ဖမ်းဆီးခံရမှုကြောင့် အမေရိကန်နိုင်ငံ၏ အဓိကမဟာမိတ်တစ်ဦးဖြစ်သော တောင်ကိုရီးယားနိုင်ငံမှာ တုန်လှုပ်ခဲ့ရသည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ အလုပ်လုပ်မည့် တောင်ကိုရီးယား နိုင်ငံသားများအတွက် လိုအပ်သည့်ဗီဇာပုံစံသစ်တစ်မျိုး ထားရှိရေးအတွက် အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများကြား ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

တောင်ကိုရီးယားအလုပ်သမားများဖမ်းဆီးခံရမှုကြောင့် တောင်ကိုရီးယားကုမ္ပဏီများ အနေဖြင့် အမေရိကန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် တွန့်ဆုတ်သွားနိုင်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားထားသည်။

Ref : Xinhua

Trs : KKO

# ကရာစနိုဒါလေဆိပ်ကို ရုရှားနိုင်ငံပြန်လည်ဖွင့်လှစ်

**မော်စကို စက်တင်ဘာ ၁၂**

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစ၍ ပိတ်ထားသည့် ကရာစနိုဒါလေဆိပ်ကို စက်တင်ဘာ ၁၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ကရာစနိုဒါလေဆိပ်ကို လုံခြုံရေးဆိုင်ရာ အကြောင်းရင်းများကြောင့် ပိတ်ထားခဲ့ရသည်။

သို့သော် လက်ရှိအချိန်တွင် ကရာစနိုဒါလေဆိပ်ရင်ဆိုင်နေရသည့် လုံခြုံရေးပြဿနာများကို ဖြေရှင်းနိုင်ခဲ့ပြီဖြစ်ရာ လေဆိပ်ကို ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရုရှားအစိုးရကကြေညာထားသည်။




ကရာစနိုဒါလေဆိပ်ကို ပြန်လည်ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မော်စကိုမှ ပျံသန်းလာမည့် အေရိုဖလုတ် လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်တစ်စင်းသည် ပုံမှန်ခရီးစဉ်အဖြစ် စက်တင်ဘာ ၁၇ ရက်တွင် ကရာစနိုဒါလေဆိပ်သို့ ဆိုက်ရောက်မည်ဖြစ်သည်။


ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက် ရုရှားတောင်ပိုင်း၌ တည်ရှိသည့် ကရာစနိုဒါလေဆိပ် အပါအဝင် အနည်းဆုံး လေဆိပ် ၁၀ ခုကို ရုရှားအစိုးရက လုံခြုံရေးအခြေအနေကြောင့် ပိတ်ထားခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ထရက်ပစ်- ၁ ကြယ်စနစ်အတွင်း ထရက်ပစ်-၁ အီး နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို စူးစမ်းလေ့လာခဲ့



**ဝါရှင်တန် စက်တင်ဘာ ၁၂**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ထရက်ပစ်-၁ ကြယ်စနစ်အတွင်း ထရက်ပစ်-၁ အီး အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို စူးစမ်းလေ့လာခဲ့ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် သတင်းအချက်အလက်များအရ ထရက် ပစ်-၁ အီး ဂြိုဟ်ပေါ်၌ ရေခဲတတ် တည်ရှိနေနိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ရာတွင် ထရက်ပစ်-၁ အီး ဂြိုဟ်ပေါ်တွင် လေထုလွှာ ရှိ၊ မရှိ ကို ဆက်လက် စူးစမ်းလေ့လာရန်လိုကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေနှင့်အလင်းနှစ် ၄၀ အကွာတွင်တည်ရှိသော ထရက်ပစ်-၁ ကြယ်စနစ်ကို ကမ္ဘာဂြိုဟ် အရွယ်အစားရှိ ဂြိုဟ်ပေါင်း ခုနစ်စင်းက ဗဟိုပြုလှည့်ပတ်လျက်ရှိကြောင်း၊ အထက်ပါ ဂြိုဟ်ခုနစ်စင်းအနက် ထရက်ပစ်-၁ အီးဂြိုဟ်တစ်စင်းတည်းသာ ရေခဲတတ်ကို ထိန်းထားနိုင်သော အကွာအဝေးမှ တစ်ဆင့် လှည့်ပတ်နေကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် ထရက်ပစ်-၁ အီး ဂြိုဟ်၌ လေထုလွှာ ရှိ၊ မရှိ ဖော်ထုတ်နိုင်ရေးအတွက်ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် ဆက်လက်လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းပေါ်တွင် နှစ်ပေါင်းများစွာ ပုန်းကွယ်နေသော ဂြိုဟ်သိမ်ငယ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၂**

ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းပေါ်တွင် နှစ်ပေါင်းများစွာ ပုန်းကွယ်နေသော ဂြိုဟ်သိမ်ငယ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

2025 PN 7 အမည်ရှိ ၎င်းဂြိုဟ်သိမ်ငယ်ကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီကျွန်း အခြေစိုက် ပင်စတားရေဒီယိုတယ်လီစကုပ်ဖြင့် အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

2025 PM 7 ဂြိုဟ်သိမ်ငယ်သည် ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းပေါ်တွင် ဂြိုဟ်ရံလတစ်စင်းအဖြစ် နှစ်ပေါင်း ၆၀ ကြာ နေရာယူ၍ နေကိုလှည့်ပတ်နေခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။




2025 PM 7 သည် ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းပေါ်တွင် နောင်နှစ်ပေါင်း ၆၀ ထိ ဆက်ရှိနေမည်ဖြစ်ပြီး ၎င်းနောက်ပိုင်းတွင် ကမ္ဘာဂြိုဟ်၏ပတ်လမ်းမှ လွတ်ထွက်သွားလိမ့်မည်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် 2025 PM 7 ဂြိုဟ်သိမ်ငယ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂ ဒသမ ၅ သန်းနှင့် ၃၇ ဒသမ ၂ သန်းကြား အကွာအဝေးတွင် တည်ရှိကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းပေါ်တွင် 2025 PM 7 ဂြိုဟ်သိမ်ငယ်အပါအဝင် ဂြိုဟ်ရံလများ သဖွယ် တည်ရှိနေသည့် ဂြိုဟ်သိမ်ငယ်ပေါင်း ခုနစ်စင်းထိရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လာမည့်သီတင်းပတ်များအတွင်း ကြယ်တံခွန်သစ်တစ်စင်းကို တယ်လီစကုပ်အသေးစားများ၊ အဝေးကြည့်မှန်ပြောင်းများဖြင့် ကမ္ဘာ့ပြည်သူများ တွေ့မြင်နိုင်မည်

**ဝါရှင်တန် စက်တင်ဘာ ၁၂**

လာမည့် သီတင်းပတ်များအတွင်း ကမ္ဘာ့ပြည်သူများအနေဖြင့် ကြယ်တံခွန်သစ်တစ်စင်းကို တယ်လီစကုပ် အသေးစားများ၊ အဝေးကြည့် မှန်ပြောင်းများဖြင့် တွေ့မြင်နိုင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

C/2025 A6 ဟူ၍ အမည်ပေးထားသည့် အထက်ပါကြယ်တံခွန်သည် လက်ရှိအချိန်တွင် နေရှိရာဘက်သို့ ဦးတည်ပျံသန်းလျက်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းပိုင်းသို့ တိုးဝင်လာချိန်တွင် အလင်းအားပိုကောင်းလာမည်ဖြစ်ရာ လာမည့် သီတင်းပတ်များအတွင်း အဝေးကြည့်မှန်ပြောင်းများ၊ တယ်လီစကုပ်အသေးစားများ အသုံးပြု၍ တွေ့မြင်နိုင်လိမ့်မည်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

C/2025 A6 ကြယ်တံခွန်ကို အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက မောင့်ကင်မွန် ရေဒီယိုတယ်လီစကုပ်ဖြင့် ယခုနှစ် ဇန်နဝါရီလတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

C/2025 A6 ကြယ်တံခွန်သည် လာမည့် အောက်တိုဘာ ၂၀ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၅၅ ဒသမ ၄၁ သန်းအကွာမှတစ်ဆင့် အနီးကပ်ဖြတ်ကျော်မည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၈ ရက်တွင်မူ ၎င်းကြယ်တံခွန်သည် နေကိုအနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၄၉ ဒသမ ၂၅ အကွာမှ ဖြတ်ကျော်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ကျောက်ကပ်ရောဂါလူနာများ၏ သွေးဖိအားကို စမ်းသပ်ဆဲဆေးတစ်မျိုးက လျှော့ချပေးနိုင်

**နယူးယောက် စက်တင်ဘာ ၁၂**

အယ်လ်ဒိုစတာရုန်း (Aldo-sterone) ခေါ် ဟော်မုန်းတစ်မျိုးကို ပိတ်ပင်ပေးသည့် ဆေးသစ်တစ်မျိုးသည် ကျောက်ကပ်နှင့် သွေးတိုးရောဂါနှစ်မျိုးလုံးရှိနေသူများ၌ သွေးဖိအားကို လျှော့ချပေးနိုင်ဖွယ်ရှိသကဲ့သို့ ကျောက်ကပ်ရောဂါ အခြေအနေဆိုးလာမှုကိုလည်း တားဆီးပေးနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ဒုတိယအဆင့် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Baxdrostat အမည်ရှိ အဆိုပါဆေးသစ်သည် ကျောက်ကပ်ရောဂါ လူနာများ၏ နှလုံးခုန်ချိန် သွေးဖိအားကို ငါးရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် Baxdrostat ဆေးဒုတိယအဆင့်စမ်းသပ်မှုကို လက်ရှိဆေးဝါးများဖြင့် သွေးဖိအားကို ထိန်းချုပ်နိုင်စွမ်း မရှိတော့သည့် ကျောက်ကပ်ရောဂါလူနာများဖြင့် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

ကျောက်ကပ်ရောဂါလူနာများအနေဖြင့် သွေးဖိအားကို ထိန်းချုပ်နိုင်မှုမရှိခဲ့ပါက ကျောက်ကပ်လုပ်ငန်းလည်ပတ်မှု ပိုမိုဆိုးရွားလာနိုင်ပြီး ကျောက်ကပ်လုပ်ငန်း လည်ပတ်မှု ကျဆင်းလာချိန်တွင် အပြန်အလှန်အနေဖြင့် သွေးဖိအား မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အယ်ဇိုင်းမားရောဂါဖြစ်ပွားနှုန်း မြင့်တက်လာမှုက လေထုညစ်ညမ်းမှုပြဿနာနှင့် ဆက်စပ်နေ

**နယူးယောက် စက်တင်ဘာ ၁၂**

ကမ္ဘာတစ်ဝန်း အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လာခြင်း၏ နောက်ကွယ်အကြောင်းတရားတစ်ရပ်မှာ လေထုညစ်ညမ်းမှုပြဿနာဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါနှင့် လေထုညစ်ညမ်းမှုပြဿနာတို့ကြား ဆက်စပ်မှု ရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် အယ်ဇိုင်းမားလူနာ ၆၀၀ ကျော်တို့၏ တစ်ရှူးနမူနာများကို ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ လေထုညစ်ညမ်း ရုပ်မှုန်တစ်မျိုးဖြစ်သော PM 2.5 ရုပ်မှုန်များသည် ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ်နှင့် ဦးနှောက်လုပ်ငန်းစဉ်များအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနေတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ လေထုတစ်ကုဗမီတာ၌ AM 2.5 ရုပ်မှုန်တစ်မိုက်ခရိုဂရမ် တိုးလာတိုင်း ဦးနှောက်အတွင်း Tau ပရိုတင်းနှင့် Amyloid ပရိုတင်းများစုစည်းလာနိုင်ခြေ ၁၇ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

Tau နှင့် Amyloid ပရိုတင်းများ ဦးနှောက်အတွင်း စုစည်းလာမှုသည် အယ်ဇိုင်းမားရောဂါ၏ အဓိကနောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်နိုင်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ISPE အသင်းပါဝင်မည့် အုပ်စု(C)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

အာရှ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု ISPE အသင်းပါဝင်မည့် အုပ်စု(C)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ISPE အသင်းသည် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ကစားခဲ့ရာ ခြေစစ်ပွဲအဆင့်တွင်လည်း အုပ်စုသုံးပွဲကစားခဲ့ရာ သုံးပွဲစလုံး အနိုင်ရရှိခဲ့ပြီး အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။



အာရှ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် လေးသင်းပါ သုံးအုပ်စုဖြင့် ကျင်းပမည်ဖြစ်ကာ အိမ်ရှင်နိုင်ငံများအဖြစ် အုပ်စု(A)ကို ဗီယက်နမ်နိုင်ငံတွင်လည်းကောင်း၊ အုပ်စု(B)ကို တရုတ်နိုင်ငံတွင်လည်းကောင်း၊ အုပ်စု(C)ကို မြန်မာနိုင်ငံတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အာရှ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(A)၌ မဲလ်ဘုန်းစီးတီးအသင်း၊ ဟိုချီမင်းစီးတီးအသင်း၊ စတယ်လ်လိုင်းယွန်း လာဂူနာအသင်း၊ လိုင်းယွန်းစီးတီးအသင်း၊ အုပ်စု(B)တွင် ဝူဟန်ဂျီအန်ဒါအသင်း၊ ဗန်ခါတွန်းအသင်း၊ အရှေ့ဗန်ဂေါ်အသင်းနှင့် နာဆက်ဖ်အသင်း၊ အုပ်စု(C)တွင် ဆူဝန်အက်ဖ်စီအသင်း၊ တိုကျိုဗာဒိုင်ဘီလီဇာအသင်း၊ နာဂျီဟိုယောင်းအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(C)ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## Sao Paulo Open တင်းနစ်ပြိုင်ပွဲတွင် ဟက်ဒက်မိုင်အာက ပီဂိုစီကိုအနိုင်ရရှိ

**ဆာပေါ်လို စက်တင်ဘာ ၁၂**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုမြို့တွင်ကျင်းပနေသည့် Sao Paulo Open တင်းနစ်ပြိုင်ပွဲ ၁၆ ယောက်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဘရာဇီးအဆင့်(၁)တင်းနစ်မယ် ဟက်ဒက်မိုင်အာက ဘရာဇီးတင်းနစ်မယ်တစ်ဦးပင်ဖြစ်သည့် ပီဂိုစီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဟက်ဒက်မိုင်အာက (၆-၁၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟက်ဒက်မိုင်အာနှင့် ပီဂိုစီတို့ ပွဲစဉ်တွင် ပြိုင်ပွဲဝင်နှစ်ဦးစလုံးမှာ Double Fault လေးကြိမ်စီ ကျူးလွန်ခဲ့ကြပြီး ဟက်ဒက်မိုင်အာက Ace နှစ်ကြိမ်ရခဲ့သည်။

ဟက်ဒက်မိုင်အာသည် US Open တင်းနစ်ပြိုင်ပွဲတွင် စတုတ္ထအဆင့်ထိ တက်ရောက်နိုင်ခဲ့သူဖြစ်ပြီး ကမ္ဘာ့အဆင့်ကစားသမားတစ်ဦးဖြစ်သလို ပြည်တွင်းပြိုင်ဘက် ပီဂိုစီနှင့် ၎င်းတို့အကြား လယ်ဗယ်ကွာဟချက်များရှိခဲ့သည်။

ဟက်ဒက်မိုင်အာ အနေဖြင့် သက်သောင့်သက်သာဖြင့် ကစားသွားနိုင်ခဲ့သလို ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ဟက်ဒက်မိုင်အာက "ဆာပေါ်လိုမှာကျင်းပတဲ့ ပြိုင်ပွဲတွေကိုတော့ နှစ်တိုင်း ဝင်ရောက်ကစားဖြစ်ခဲ့ပါတယ်။ ဘရာဇီးပရိသတ်တွေရှေ့မှာ ကစားရတဲ့ခံစားချက်ကို နှစ်သက်လို့ပါ။ အခု ၁၆ ယောက်အဆင့်ပွဲစဉ်မှာ ပီဂိုစီနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာ အခက်အခဲလေးတွေတော့ရှိပါတယ်။ တစ်ယောက်အကြောင်း တစ်ယောက်သိနေတဲ့အတွက် အမှားကင်းအောင် ကစားနိုင်ဖို့က အရေးကြီးခဲ့တယ်။ စွမ်းဆောင်ရည်ပိုင်းနဲ့ ပတ်သက်ပြီး အားရကျေနပ်မှုရှိသလို နောက်အဆင့်တွေမှာလဲ အခုလိုပဲ အကောင်းဆုံး ကစားနိုင်အောင် ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့သည်။

ဟက်ဒက်မိုင်အာသည် ကွာတားဖိုင်နယ်အဆင့်တွင် မက္ကဆီကိုတင်းနစ်မယ်ရီနာတာနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



## ၂၀၂၇ ချန်ပီယံလိဂ်ဗိုလ်လုပွဲကျင်းပမည့် အိမ်ရှင်နိုင်ငံများကို ယူအီးအက်ဖ်အေ ထုတ်ပြန်ကြေညာ

**ဇူးရစ် စက်တင်ဘာ ၁၂**

ယူအီးအက်ဖ်အေသည် လာမည့် ၂၀၂၇ ခုနှစ်တွင်ကျင်းပမည့် အမျိုးသား ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်ကို စပိန်နိုင်ငံမက်ဒရစ်မြို့နှင့် အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ပိုလန်နိုင်ငံ ဝါဆောမြို့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ယူအီးအက်ဖ်အေအဖွဲ့ချုပ်က အစောပိုင်းက မီလန်မြို့ ဆန်စီယိုကွင်းတွင် ဗိုလ်လုပွဲကျင်းပရန် ဆန္ဒရှိခဲ့သော်လည်း ဆန်စီယိုကွင်း၏ ပြင်ဆင်မွမ်းမံမှုများနှင့် ပတ်သက်၍ နှစ်သက်မှုမရှိခဲ့သောကြောင့် စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ ပရိသတ်ဦးရေ ၇၀၀၀၀ ဝင်ဆံ့သည့် မက်ထရိုပိုလီတာနို ကစားကွင်းတွင်သာ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် အမျိုးသမီးချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်ကိုလည်း ပိုလန်နိုင်ငံ ဝါဆောမြို့ နေ့ရှ်ဒိုဝီကစားကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

လာမည့် ၂၀၂၆ ခုနှစ် ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲကို ဩစတြီးယားနိုင်ငံ ဆဲလ်ဘတ်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်ကို အယ်ဘေးနီးယားနိုင်ငံ တီယာနာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ယူအီးအက်ဖ်အေ အမှုဆောင်အစည်းအဝေးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

၎င်းအစည်းအဝေးတွင် ယူအီးအက်ဖ်အေအဖွဲ့ချုပ် အနေဖြင့် ပြိုင်ပွဲဝင်ကလပ်အသင်း တစ်သင်းသင်းမှ ကစားသမားတစ်ဦးသည် ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် ကာလရှည်အနားယူရမည့်ဒဏ်ရာ ရရှိခဲ့ပါက ပွဲစတင်ကစားနေသည့် ခြောက်ရက်တာကာလအတွင်း ကစားသမားသစ်ယာယီအစားထိုးခွင့်ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

Ref : Uefa.com

Trs : ML

## ဘာစီလိုနာအသင်းက လက်ထောက်နည်းပြအဖြစ် သီယာဂိုအယ်ကန်တာရာကို ခန့်အပ်

**ဘာစီလိုနာ စက်တင်ဘာ ၁၂**

ဘာစီလိုနာ အသင်းသည် အသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် သီယာဂိုအယ်ကန်တာရာကို ပထမအသင်း လက်ထောက်နည်းပြအဖြစ် တရားဝင်ခန့်အပ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အယ်ကန်တာရာသည် ကစားသမားဘဝကို ဘာစီလိုနာအသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်တွင် အသင်းကြီးနှင့် စတင်ပါဝင်ခွင့်ရခဲ့ကာ ပြိုင်ပွဲစုံ ၁၀၀ ပွဲပါဝင်ကစားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ကစားသမားဘဝ အောင်မြင်မှုများ ရရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာပြဿနာများကြောင့် ၂၀၂၄ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့ကြောင်း သိရသည်။



အသက် ၃၄ နှစ်ရှိသည့် အယ်ကန်တာရာသည် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် နည်းပြလောကသို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ပြီး ဘာစီလိုနာအသင်းနှင့် ပူးပေါင်းရန်ဆန္ဒရှိခဲ့သော်လည်း တရားဝင်ခန့်အပ်ခံရခြင်း မရှိခဲ့ဘဲ ယခုအခါ ဘာစီလိုနာအသင်းက နည်းပြဖလစ်၏ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် လက်ထောက်နည်းပြအဖြစ် တရားဝင်ကြေညာခဲ့သည်။

လက်ထောက်နည်းပြ အယ်ကန်တာရာသည် ဘာစီလိုနာအသင်း၏ လေ့ကျင့်ရေး အစီအစဉ်များ၊ နည်းစနစ်ပိုင်းများ၊ ကစားသမားများ၏ တိုးတက်မှုအပေါ်မူတည်ကာ ပြိုင်ပွဲအပေါ်ချဉ်းကပ်နိုင်မှုစသည့်ကဏ္ဍတို့တွင် ၎င်း၏အတွေ့အကြုံကောင်းများနှင့် ပေါင်းစပ်၍ ပါဝင်ကူညီပေးရမည်ဖြစ်ကြောင်း သိရသည်။

Ref : Barcablaugranes

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ချန်ပီယံရှစ်ကလပ်ဟူးလ်စီးတီးအသင်းသည် ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း ရော်နယ်ဒင်ဟို၏သား ဂျာအိုမက်ဒက်စ်ကို တစ်နှစ်စာချုပ်ဖြင့်ခေါ်ယူခဲ့ပြီး စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းသည် အပြောင်းအရွှေ့ကာလ ပိတ်သိမ်းပြီး ၁၁ ရက်မြောက်နေ့တွင် အကျိုးတူပူးပေါင်းထားသည့် ပြင်သစ်ကလပ်စထရာဘော့အသင်းမှ အသင်းခေါင်းဆောင် အီမက်ဟာကို လာမည့် ၂၀၂၆ ခုနှစ်တွင် ခေါ်ယူနိုင်ရန် အကြိုသဘောတူညီမှု ရရှိခဲ့သည်။
- လိဗ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခြေဖနောင့်ဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူး ဆာကာအနေဖြင့် လာမည့်နော်တင်ဟမ်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်သေးကြောင်း နည်းပြအာတီတာက အတည်ပြုထုတ်ပြန်ခဲ့သည်။

ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)တွင် ဟံသာဝတီယူနိုက်တက်အသင်းနိုင်ပွဲရရှိ မဟာယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး မဟာယူနိုက်တက် အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့သီဟဒီပအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်နှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၄ မိနစ်တွင် သန်းတိုးအောင်၊ ပွဲချိန် ၄၁ မိနစ်၊ ၄၅ မိနစ်နှင့် ၇၈မိနစ်တို့တွင် အောင်မြတ်သူနှင့် ပွဲချိန် ၉၄ မိနစ်တို့တွင် ကြည်စိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်၊ ၃၄ မိနစ်နှင့် မိနစ် ၈၀ တွင် အဲရစ်ကန်တိုနာနှင့် ပွဲချိန် ၅၄ မိနစ်တွင် လမင်းထွေးတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။

STA

# PGA Procore Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်ကင်ဇီ ဦးဆောင်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်တွင် ကျင်းပနေသည့် PGA Procore Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ အပြီးတွင် ကနေဒါဂေါက်သီးရိုက်ကစားသမား မက်ကင်ဇီက သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် မက္ကာသီနှင့် ဘင်ဂျာမင်တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် လန်တိုနှင့် ဟန်လေတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရထားသည့် မက်ကင်ဇီသည် ဒုတိယမြောက်ကျင်းနှင့် တတိယမြောက်ကျင်းတို့တွင် Birdie ဆက်တိုက်ရရှိခဲ့ပြီး ကျင်းနံပါတ်(၁၂)နှင့်(၁၃)တို့တွင်လည်း Birdie ထပ်မံရရှိခဲ့ကာ ကျင်းနံပါတ်(၁၆)နှင့် ကျင်းနံပါတ်(၁၈)တို့တွင်လည်း Birdie ထပ်မံရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မက်ကင်ဇီက "ပထမနေ့ရလဒ်ကို စိတ်ကျေနပ်မှုရှိပါတယ်။ အထူးသဖြင့် ကျင်းစိမ်တဲ့အပိုင်းမှာ တော်တော်လေးကို ပေါ့ပေါ့ပါးပါး ရှိခဲ့ပြီးတော့ အမှားသိပ်မရှိခဲ့ဘူး။ တချို့ရိုက်ချက်တွေဆိုရင် တော်တော်လေးကို ကောင်းမွန်ခဲ့ပါတယ်။ နောက်နေ့တွေမှာလဲ အခုလိုပဲ ဆက်ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုရရှိမည့် အသင်းများတွင် လီဗာပူးအသင်း ထိပ်ဆုံး၌ရပ်တည်

**လန်ဒန် စက်တင်ဘာ ၁၂**

OPTA ၏ဖော်ပြချက်အရ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိမည့် ကလပ်အသင်းများတွင် လီဗာပူးအသင်းက ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေသည်။

OPTA က ပြိုင်ပွဲဝင်အသင်းများ၏ အုပ်စုပွဲစဉ်အနေအထားနှင့် ရှုံးထွက်အဆင့် လမ်းကြောင်းများကို တွက်ချက်ဖော်ပြခဲ့ပြီးနောက် ချန်ပီယံဆုအတွက် ရေပန်းစားမှုတွင် လီဗာပူးအသင်းက ၂၀ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းသည် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားမှုတွင် ၁၂ ဒသမ ၁ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်သာရပ်တည်ခဲ့ပြီး အအောင်မြင်ဆုံးအသင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းက ၅ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အဆင့် (၇) နေရာတွင်သာ ရပ်တည်ခဲ့သည်။

ချန်ပီယံဆုအတွက် ရေပန်းစားမှုတွင် လီဗာပူးအသင်း၏နောက်၌ အာဆင်နယ်အသင်းက ၁၆ ရာခိုင်နှုန်းဖြင့် အဆင့်(၂)၊ပီအက်စ်ဂျီအသင်းက ၁၂ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အဆင့်(၃)၊ မန်စီးတီးအသင်းက ၈ဒသမ၄ရာခိုင်နှုန်းဖြင့် အဆင့်(၄)၊ ဘာစီလိုနာအသင်းကလည်း ၈ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အဆင့်(၅)၊ချဲလ်ဆီးအသင်းက ၇ရာခိုင်နှုန်းဖြင့် အဆင့် (၆)၊ ရီးရဲလ်မက်ဒရစ်အသင်းက ၅ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အဆင့်(၇)၊ ဘိုင်ယန်မြူးနစ်အသင်းက ၄ဒသမ၃ရာခိုင်နှုန်းဖြင့် အဆင့် (၈)၊ အင်တာမီလန်အသင်းက သုံးရာခိုင်နှုန်းဖြင့် အဆင့် (၉) နှင့် နယူးကာဆယ်အသင်းကလည်း သုံးရာခိုင်နှုန်းဖြင့် အဆင့် (၁၀)နေရာတို့တွင် အသီးသီး ရပ်တည်လျက် ရှိနေကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : STA**

# ပရီးမီးယားလိဂ် ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

ML

**ဘန်လေ Vs လီဗာပူး**

ကစားမည့်ရက်/အချိန် ၁၄-၉-၂၀၂၅ (ည ၇း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဗာပူး ၃ – ၁ ဘန်လေ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘန်လေ | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| လီဗာပူး | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

အခုနှစ်မှတန်းတက်လာတဲ့ ဘန်လေအသင်းဟာ တန်းတက်အသင်းတွေထဲမှာ တိုက်စစ်ကစားပုံ ထက်မြက်တဲ့အသင်းဖြစ်သလို အိမ်ကွင်းကစားပုံလဲ ကောင်းမွန်နေတာကို တွေ့ရမှာပါ။ လက်ရှိချန်ပီယံ လီဗာပူးအသင်းကတော့ အာဆင်နယ်အသင်းနဲ့ပွဲမှာ ကစားပုံ အသာမရခဲ့ပေမဲ့ အလွတ်တည်ကန်ဘောကနေ အနိုင်ရခဲ့တာကိုကြည့်ရင် လီဗာပူးအသင်းကစားသမားတွေ ယုံကြည်မှုပိုင်းအားကောင်းနေတာဖြစ်ပါတယ်။ လက်ရှိစုဖွဲ့မှုမှာလဲ လီဗာပူးအသင်းက သာလွန်နေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရထားတာကြောင့် လီဗာပူးပဲ နိုင်ပွဲရသွားမှာပါ။

ခန့်မှန်းရလဒ် – ဘန်လေ ၁ – ၃ လီဗာပူး

# ဇန်နဝါရီအပြောင်းအရွှေ့တွင် မန်ယူအသင်းထံ ပြောင်းရွှေ့ခွင့်ပေးရန် ကွင်းလယ်ကစားသမားဘာလီဘာ ဘရိုက်တန်အသင်းကိုတောင်းဆို

**လန်ဒန် စက်တင်ဘာ ၁၂**

ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမားဘာလီဘာက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းထံ ပြောင်းရွှေ့ခွင့်ပေးရန်အတွက် အသင်းတာဝန်ရှိသူများထံ တောင်းဆိုခဲ့သည်။

ဘာလီဘာသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ၌ မန်ယူအသင်းက တရားဝင် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက တရားဝင် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ကစားသမားဖြစ်သူနှင့် သဘောတူညီမှုရရှိခဲ့သော်လည်း ဘရိုက်တန်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြစ်သည့် စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်ပြီး ထိန်းချုပ်ခဲ့သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဘာလီဘာ ကိုယ်တိုင်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မပြောင်းရွှေ့နိုင်ခဲ့သော်လည်း လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ခွင့်ပေးရန်အတွက် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းကလည်း လိုအပ်ချက်များရှိနေသည့် အသင်း



ကွင်းလယ်ပိုင်းအတွက် ဘာလီဘာကို ဦးစားပေးပစ်မှတ်အဖြစ် သတ်မှတ်ထားပြီးလာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# စပိန်လာလီဂါ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

ML

**ဆဲလ်တာဗီဂို Vs ဂျီရိုနာ**

ကစားမည့်ရက်/အချိန် ၁၄-၉-၂၀၂၅ (ည ၆း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂျီရိုနာ ၂ – ၂ ဆဲလ်တာဗီဂို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | – | ဝေး(သရေ) | အိမ်(သရေ) | အိမ်(သရေ) |
| ဂျီရိုနာ | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဆဲလ်တာဗီဂိုအသင်းဟာ အခုရာသီမှာ တိုက်စစ်ကစားပုံကျဆင်းနေတာကြောင့် ပြီးခဲ့တဲ့ သုံးပွဲဆက်တိုက် သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဂျီရိုနာကတော့ အဓိက ကစားသမားတွေထိန်းသိမ်းခြင်းမရှိဘဲ အသင်းလိုက်ကစားပုံကျဆင်းနေတာကြောင့် သုံးပွဲမှာ ပေးဂိုး ၁၀ဂိုးထိရှိနေလို့ ဆဲလ်တာဗီဂိုအသင်းကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ ရမှတ်အပြည့်ရယူဖို့ကြိုးစားလာမဲ့ ဆဲလ်တာဗီဂိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

ခန့်မှန်းရလဒ် – ဆဲလ်တာဗီဂို ၂ – ၁ ဂျီရိုနာ

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

ကုံကော်ဖြူ



သဘာဝပတ်ဝန်းကျင် (Natural Environment) ဆိုသည်မှာ လူသားများနှင့် အခြားသက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အခြေခံဖြစ်သည့် သဘာဝအရင်းအမြစ်များ၊ ဂေဟစနစ်များနှင့် ရာသီဥတုအခြေအနေများစုပေါင်းဖွဲ့စည်းထားသောအရာကိုဆိုလိုသည်။ ကျွန်ုပ်တို့ကမ္ဘာမြေသည် လူသားတို့စားဝတ်နေရေးအတွက် လိုအပ်ချက်များဖြစ်သည့် လေ၊ ရေ၊ မြေ၊ အစားအစာတို့ကိုဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ အဖိုးတန်သော ကမ္ဘာမြေကို ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အလွန်အရေးကြီးလှသည်။

ကမ္ဘာ့လူဦးရေသည် တဖြည်းဖြည်းပိုမိုများပြားလာခဲ့ပြီးလူနှင့်တိရစ္ဆာန်တို့မှထွက်ရှိသည့်အပူငွေ့များ၊ စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များမှ ထွက်ရှိသည့် အပူငွေ့များကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ခဲ့သည်။ သဘာဝဘေးအန္တရာယ်ဟူသည်မှာရှောင်လွှဲ၍ ရနိုင်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများအပြား၌ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ၊ မိုးခေါင်ရေရှားမှုများ၊ တောမီးလောင်ကျွမ်းမှုများ၊ အပူလှိုင်းဖြတ်သန်းမှုများကြောင့် နေ့အပူချိန်မြင့်မားပြောင်းလဲမှုများနှင့် ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုများ စသည့်ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်ကို ကြုံတွေ့ရလျက် ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စက်ရုံများမှထုတ်လွှတ်သော ပလတ်စတစ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ စွန့်ပစ်ခြင်း၊ ရေဆိုး၊ ရေညစ်များစွန့်ပစ်ခြင်း၊ သတ္တုတူးဖော်ခြင်း လုပ်ငန်းများ၊ ပင်လယ်ထဲသို့ အမှိုက်စုပုံ ရောက်ရှိနေခြင်းတို့ကြောင့် ရေထုကို ညစ်ညမ်းစေသည်။

ထို့ပြင် မြေမှထုတ်ယူ ရရှိသောလောင်စာများ လောင်ကျွမ်းရာမှ ပင်လယ်ထဲသို့စီးဝင်ခြင်း၊ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲပက်ဖျန်းခြင်း၊ ရေစီးနှင့်အတူ ဓာတုပစ္စည်းများ ရေထဲသို့စီးဆင်းခြင်း၊ ရေပုပ်ရေဆိုးများပိုက်လိုင်းများမှယိုထွက်ခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရေနေသတ္တဝါများသေဆုံးခြင်း၊ ကုန်းနေသတ္တဝါများမှ အညစ်အကြေးပေါင်းစုံ စွန့်ပစ်ခြင်းများကြောင့် ရေထုညစ်ညမ်းခြင်းများ ဖြစ်ပေါ်စေသကဲ့သို့ မြေအောက်မှရေနံတူးဖော်ခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်းတို့မှ ဘေးထွက်ပစ္စည်းများ မတော်တဆယိုစိမ့်ထွက်ခြင်း စသည့်အကြောင်းများကြောင့် ရေထုညစ်ညမ်းမှုတို့ ဖြစ်ပေါ်စေသည်။ ကျောက်မီးသွေးနှင့် လောင်စာများဖြစ်သော ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကို လျှပ်စစ်ဓာတ်အားပေးစက်၊ စက်မှုကုန်ထုတ်စက်ရုံများ ပို့ဆောင်ရေးယာဉ်တို့တွင် အသုံးပြုရာမှ ထွက်ပေါ်လာသည့် ဓာတ်ငွေ့များအပြင် မီးခိုးကျပ်ခိုးနှင့် ဒြပ်မှုန်တို့သည်လည်း လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး အက်စစ်ဖြစ်ထွန်းခြင်းများ ဖြစ်ပေါ်စေသည်။

အက်စစ်ဖြစ်ထွန်းမှုကြောင့်သက်ရှိသတ္တဝါများနှင့်သက်မဲ့ရုပ်ဝတ္ထုများကိုထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ မြစ်ချောင်း၊ အင်းအိုင်များတွင် အက်စစ်ဖြစ်ထွန်းမှုများပြားလာပါကမှီတင်းနေထိုင်သောရေနေသတ္တဝါများကို ထိခိုက်ပျက်စီးစေသည်။ ထို့ပြင် ငါးတို့၏အစာဖြစ်သော ပိုးမွှားကောင်များ သေကျေပျက်စီးကြသဖြင့် အစာအာဟာရ ရှားပါးမှု ကြုံတွေ့ရသည်။ မြေဆီလွှာတိုက်စားမှုမှ ပါဝင်လာသောသတ္တုများကြောင့် ငါးများ၏ ပါးဟက်များ ပျက်စီးမှုများဖြစ်ပေါ်ကာ အသက်ရှူရန် အခက်အခဲဖြစ်ပြီး သေဆုံးကြရသည်။

ပလတ်စတစ်၏ဆိုးကျိုးနှင့်ပတ်သက်၍ ပလတ်စတစ်သည် သဘာဝအလျောက်မပျက်စီးသည့်ပြိုကွဲပျောက်ပျက်ရန်မလွယ်သည့်၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းပြီးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများထဲမှ တစ်ခုဖြစ်ပြီးနှစ်ပေါင်းများစွာကြာမှသာ ပြိုကွဲပျက်စီးနိုင်သည်။ ကုန်းမြေနှင့်ရေလမ်းကြောင်း၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများ၊ မြစ်ချောင်းများ၏ ရေလမ်းကြောင်းစီးဆင်းမှုများပိတ်ဆို့မှုဖြစ်ပွားပြီး ရေကြီးရေလျှံသည်ထိဖြစ်ပွားစေသည်။ ရေလမ်းကြောင်းအနီး၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရေချိုသယံဇာတများကိုညစ်ညမ်းစေသည်သာမကဘဲ ရေအရည်အသွေးကိုလည်း ကျဆင်းစေသည်။

ထို့ပြင် စွန့်ပစ်ပလတ်စတစ်များသည် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအဏ္ဏဝါပတ်ဝန်းကျင်ကိုရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှသေးငယ်သည့် ပလတ်စတစ်အပိုင်းအစများ (မိုက်ခရိုပလတ်စတစ်)အဖြစ် ပြောင်းလဲဖြစ်ပေါ်ကာ အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်စေသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ဖျောက်ဖျက်ပစ်ရန်မီးရှို့ ဖျက်ဆီးမည်ဆိုပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်စသည့် ဓာတ်ငွေ့များထွက်ရှိလာပြီး လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့်အတွက် လူသားများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်စေသည်။

ထို့ကြောင့် ပလတ်စတစ်သည် စတင်ထုတ်လုပ်သည့်အချိန်မှစ၍ အသုံးပြုပြီးစွန့်ပစ်သည့်အချိန်ထိ ၎င်း၏သက်တမ်းတစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုကိုညစ်ညမ်းစေသည်သာမကဘဲ ကုန်းနေရေနေသတ္တဝါများကိုပါ အန္တရာယ်များစွာ ကျရောက်စေသည်။ ကမ္ဘာပေါ်ရှိ လူတစ်ဦးချင်းစီသည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် ပျမ်းမျှပလတ်စတစ်အမှုန်ပေါင်း ၅၀၀၀၀ နှင့် အထက် ခန္ဓာကိုယ်အတွင်းကို အကြောင်းအမျိုးမျိုးနှင့်ရောက်ရှိလျက်ရှိကြောင်းကို ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်က ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။ ထိုကိန်းဂဏန်းသည် မည်မျှ အန္တရာယ်ကြီးသည်ကို စဉ်းစားကြည့်ပါက သိနိုင်သည်။

မြစ်ချောင်းများသည်ပလတ်စတစ်အမှိုက်များကို ကုန်းတွင်းပိုင်းမှ ပင်လယ်ထဲကို သယ်ဆောင်ပြီး သမုဒ္ဒရာညစ်ညမ်းမှုကို အဓိကဖြစ်စေသည်။ လက်ရှိသမုဒ္ဒရာများအတွင်း ပလတ်စတစ်တန်ချိန်၇၅ သန်းမှ ၁၉၉ သန်းခန့်ထိ တွေ့နိုင်သည်ဟု လေ့လာချက်များအရ သိရသည်။ ပလတ်စတစ်ထုတ်လုပ်မှု၊ သုံးစွဲမှု၊ စွန့်ပစ်မှုပုံစံများကို မပြောင်းလဲပါက ရေနေဂေဟစနစ်အတွင်းကို ပလတ်စတစ်အမှိုက်ဝင်ရောက်မှုပမာဏသည် တစ်နှစ်ကို တန်ချိန် ၁၉ သန်းမှ ၂၃ သန်း ထိရှိနေပြီး ၂၀၄၀ ပြည့်နှစ်တွင် သုံးဆနီးပါးတိုးလာနိုင်ကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်မှ ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ ဗန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ခဲ့ပြီး အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဒေသတွင်း (၂၀၂၁-၂၀၂၅) လုပ်ငန်းအစီအစဉ်၌ အခြားအာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၅ တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ ထို့ပြင် ပုဒ်မ ၃၉၀၊ ပုဒ်မခွဲ (ခ) တွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ပြဋ္ဌာန်းထားရာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏တာဝန်ရှိမှုကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းသည့် နိုင်ငံဖြစ်သောကြောင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့အထိမ်းအမှတ် အခမ်းအနားတွင် "မိမိတို့တစ်တွေသည် မူလကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့်ကဏ္ဍမှ တာဝန်သိတတ်သည့်စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာ"နှင့် "ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)"တွင် ရည်မှန်းချက်ပန်းတိုင်ခြောက်ခုကို အခြေခံချမှတ်ထားပြီး ပလတ်စတစ်ညစ်ညမ်းမှုကို အဓိကဦးစားပေးဖြေရှင်းရန် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံသည် "ဘေးအန္တရာယ်ဖြစ်စေသောစွန့်ပစ်ပစ္စည်းများနှင့်၎င်းတို့၏စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း"၏ အဖွဲ့ဝင်နိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းကိစ္စရပ်များ အပေါ်ကွန်ဗင်းရှင်း ပါကတိကဝတ်များနှင့်အညီ "ပတ်ဝန်းကျင်မထိခိုက်စေသော ခိုင်လုံသည့်အစီအမံ (Environmentally Sound Management) နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် မြေပေါ်သယံဇာတဖြစ်သည့် သစ်နှင့်ဝါးကုန်ကြမ်းများပေါကြွယ်ဝသည့် နိုင်ငံဖြစ်သောကြောင့် တစ်ခါသုံးပလတ်စတစ်အစားထိုးသုံးပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်သည့် အခြေခံများရှိပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းသည့်အနေဖြင့် သစ်တောများ စနစ်တကျ ပြုပြင်ထိန်းသိမ်းစိုက်ပျိုးထုတ်လုပ်ခြင်းကို ကမ္ဘာ့တွင်စံပြအဖြစ် ကောင်းစွာပြုလုပ်နိုင်ကြောင်း၊ ပလတ်စတစ်အစားထိုး စက္ကူမျိုးစုံထုတ်လုပ်ခြင်းကို သစ်တောများပြန်လည်ထိန်းသိမ်းခြင်းအနေဖြင့် မိမိတို့ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုသည် အနာဂတ်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတား စိန်ခေါ်မှုဖြစ်သည်။ အမျိုးမျိုးကြုံတွေ့လာရမည့် သဘာဝဘေးအန္တရာယ်များကို အရေးတကြီးဖြေရှင်းရန် လိုအပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနှင့်အတူ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို တားဆီးလျှော့ချနိုင်ရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံစည်ပင်သာယာရန်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုသည်လည်း အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သာယာရန် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကြကာ တစ်နိုင်ငံလုံးသာယာလှပသောဂေဟစနစ်ဖြစ်လာစေရန် အတူတကွ ကြိုးစားဆောင်ရွက်သင့်ကြောင်းကို တိုက်တွန်းရေးသားလိုက်ပါသည်။

**❖ ရာသီဥတုပြောင်းလဲမှုသည် အနာဂတ်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတား စိန်ခေါ်မှုဖြစ်သည်။ အမျိုးမျိုးကြုံတွေ့လာရမည့် သဘာဝဘေးအန္တရာယ်များကို အရေးတကြီးဖြေရှင်းရန် လိုအပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနှင့်အတူ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို တားဆီးလျှော့ချနိုင်ရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ❖**


**ကိုးကား**

- ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောကြားသည့် အမှာစကား (www.moi.gov.mm ၆-၆-၂၀၂၃)

# Channel K ရုပ်သံလိုင်းမှ မမေ့စေချင်ဇာတ်သဘင် သဘင့်ပွဲတော်ကြီး Season-2 (ဆဋ္ဌမပွဲ) ထုတ်လွှင့်မှုကို စက်တင်ဘာ ၂၀ ရက်မှ စတင်ထုတ်လွှင့်မည်




**ရန်ကုန် စက်တင်ဘာ ၁၂**

Channel K ရုပ်သံလိုင်းမှ မမေ့စေချင် ဇာတ်သဘင် သဘင့်ပွဲတော်ကြီး Season-2 (ဆဋ္ဌမပွဲ) ထုတ်လွှင့်မှုအစီအစဉ်ကို စက်တင်ဘာ ၂၀ ရက်မှ စတင်ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ မမေ့စေချင်ဇာတ်သဘင် ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ကပြတင်ဆက်ပေးမည့် သဘင်မင်းသားကြီး ရွှေမန်းချမ်းသာက ပြောပြ၍ သိရသည်။

Channel K ရုပ်သံလိုင်းမှ သဘင့်ပွဲတော်ကြီး ရုပ်သံအစီအစဉ်သစ်အဖြစ် ထင်ရှားကျော်ကြား သဘင်အဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ၂၀၂၃ ခုနှစ် ဖွန်လမှစတင်၍ ဇာတ်သဘင်တို့၏သမားစဉ်အတိုင်း အပျိုတော်ယိမ်းမှစတင်ကာ နောက်ပိုင်း ဇာတ်တော်ကြီးထိ သဘင်အစီအစဉ်များကို ဖျော်ဖြေတင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

"မြန်မာ့ဇာတ်သဘင်ကို နှစ်သက်မြတ်နိုးအားပေးတဲ့ သဘင်ချစ်ပရိသတ်တွေအတွက် Channel K ရုပ်သံလိုင်းကနေ ထပ်မံစီစဉ်တင်ဆက်ပေးမဲ့ မမေ့စေချင် ဇာတ်သဘင် သဘင့်ပွဲတော်ကြီး Season-2 (ဆဋ္ဌမပွဲ) ထုတ်လွှင့်မှု အစီအစဉ်မှာ ကျွန်တော် ရွှေမန်းချမ်းသာ ဦးဆောင်တဲ့ ဇာတ်အဖွဲ့ကြီးရဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့ အတူ သဘင်အစီအစဉ်များစွာကို ပရိသတ်တွေက ကြည့်ရှုခံစားရမှာပဲ ဖြစ်ပါတယ်။ သဘင်အနုပညာရှင်များစွာပါဝင်တင်ဆက်ထားတဲ့ ပီတိ စင်တင်ပြဇာတ်ကြီးကိုလဲ ပရိသတ်တွေအတွက် ဖျော်ဖြေတင်ဆက်ပေးသွားမှာဖြစ်ပါတယ်" ဟု သဘင်မင်းသားကြီး ရွှေမန်းချမ်းသာက ပြောပြသည်။

မမေ့စေချင် ဇာတ်သဘင် သဘင့်ပွဲတော်ကြီး Season-2 (ဆဋ္ဌမပွဲ) ထုတ်လွှင့်မှု အစီအစဉ်ကို Channel K ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၀ ရက် (စနေနေ့) ည ၉ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Audition ဇာတ်ကားတွင် မင်းသမီး လူစီလျူနှင့် မင်းသား ချားမယ်တန်တို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၁၂**

Higher Ground ရုပ်ရှင်ထုတ်လုပ်ရေး၏ Audition အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး လူစီလျူနှင့် မင်းသား ချားမယ်တန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Audition ဇာတ်ကားသည် စာရေးဆရာမ ကေတီကီတာမူရာ၏ ဝတ္ထုကို အခြေခံရိုက်ကူးမည့် လျှို့ဝှက်သည်းဖိုဇာတ်ကား ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ထူးဆန်းသော လူငယ်တစ်ဦးကြောင့် လျှို့ဝှက်ချက်များဖြင့် ရင်ဆိုင်ခဲ့ရသည့် နာမည်ကျော်မင်းသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Audition ဇာတ်ကားကို တရုတ်မင်းသမီး ဒါရိုက်တာ လူလူဝန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားမည်ဖြစ်သည်။


ဒါရိုက်တာ လူလူဝန်သည် A24 ရုပ်ရှင်ကုမ္ပဏီ၏ The Farewell ဇာတ်ကားကို ရိုက်ကူးပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် Audition ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# N.O.T Film Production က ရိုက်ကူးထုတ်လုပ်သည့် နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကား Premiere Show အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၂**

N.O.T Film Production က ရိုက်ကူးထုတ်လုပ်သည့် နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကား Premiere Show အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ တေဇလင်းရောင်က ပြောပြ၍ သိရသည်။

အဆိုပါ နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ သီဟစိုးက ရေးသားထားပြီး ဇော်မင်းစိုးက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ သီဟစိုးက N.O.T Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ လက်ဝှေ့ကို အခြေခံရိုက်ကူးထားတဲ့ နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားကို ရုံတင်ပြသခွင့်ရခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့တွေ ကြိုးစားထားမှုကိုခံစားရမှာမို့ အတော်ကိုစိတ်လှုပ်ရှားနေပါတယ်။ အချစ်၊ အလွမ်း၊ အက်ရှင်၊ ကြည်နူးဖွယ် ဒရာမာဇာတ်လမ်းလေးကို သပ်သပ်ရပ်ရပ်လေး အားထုတ်ကြိုးပမ်းထားကြတာမို့ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် တေဇလင်းရောင်က ပြောပြသည်။



အဆိုပါ နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားတွင် ရေချမ်းဆိုသည့် မြင်းထိန်းသမား ကောင်ကလေးတစ်ယောက်၏ လက်ဝှေ့အပေါ် ရူးသွပ်မှု၊ လက်ဝှေ့ကြောင့် အချစ်ဆုံး အရာများကို လက်လွှတ်ဆုံးရှုံးရမှု၊ လက်ဝှေ့မှတစ်ဆင့် ဆုံးရှုံးခဲ့ရသမျှကို ပြန်လည်ရယူခဲ့ပုံများ အပြင် သည်းထိတ်ရင်ဖို ဇာတ်ဝင်ခန်းများ၊ ရင်ခုန်စရာကောင်းစေမည့် ကြည်နူးဖွယ် ဇာတ်ဝင်ခန်းများ၊ မထင်ထားည့် ဇာတ်ကွက်အလှည့်အပြောင်းများကို ကြည့်ရှုရမည်ဖြစ်ကြောင်း သိရသည်။

နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရဲလိူင်၊ တေဇလင်းရောင်၊ ဇော်ဦး၊ ရဲမင်း၊ ရဲမာန်၊ ဆရာလုံးချော၊ မေမြင့်မိုရ်၊ ရွှန်းနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Sweetsick ဇာတ်ကားတွင် အော်စကာဆုရှင် မင်းသမီး ကိတ်ဘလန်းချက် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၁၂**

Searchlignt Pictures ရုပ်ရှင်ကုမ္ပဏီ၏ Sweetsick ဇာတ်ကားတွင် အော်စကာဆုရှင် မင်းသမီး ကိတ်ဘလန်းချက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Sweetsick ဇာတ်ကားကို ဗြိတိသျှ အမျိုးသမီးဒါရိုက်တာ အဲလက်ဘာ့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် Sweetsick ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးပေ။

Sweetsick ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် ကျန်သရုပ်ဆောင်များကို မကြာမီကာလအတွင်း ထုတ်လုပ်သူများက ကြေညာမည်ဖြစ်သည်။

Sweetsick ဇာတ်ကားကို ယခုနှစ် ဆောင်းရာသီအတွင်း ဗြိတိန်နှင့် ဂရိနိုင်ငံတို့၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

Sweetsick ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Searchlight Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Ed ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဂျွန်ထရာဗိုတာ၊ ချက်ဟန့်နှင့် မင်းသမီး ခရိုင်စတယ်ရိတို့ပါဝင်

**နယူးယောက် စက်တင်ဘာ ၁၂**

Pangaea စတူဒီယို၏ Ed အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဂျွန်ထရာဗိုတာ၊ ချက်ဟန့်နှင့် မင်းသမီး ခရိုင်စတယ်ရိတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Ed ဇာတ်ကားသည် လူ့ဉာဏ်ရည်တု(AI) နည်းပညာနောက်ခံ သိပ္ပံ ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ed ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာဂျေစကော့က တာဝန်ယူ ရိုက်ကူးပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကော့က ရေးသားပေးထားကြောင်း သိရသည်။

Ed ဇာတ်ကားသည် ခေတ်ခွဲခန်းမှ လွတ်ထွက်လာသည့် AI စက်ရုပ်တစ်ကောင်က ပေါ့တီး ပေါ့ဆမောင်းနှင်သည့် ယာဉ်မောင်းများကို လိုက်လံသတ်ဖြတ်ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Ed ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဂျော်ဂျီယာပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Ed ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Pangaea စတူဒီယို တာဝန်ရှိသူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# State Security and Peace Commission and Union government of the Republic of Union of Myanmar hold coordination meeting

## Pay serious attention to ensuring socioeconomic development and a peaceful and pleasant work environment for all citizens and alleviating the gap between rich and poor



Senior General Min Aung Hlaing addresses the work coordination meeting of the State Security and Peace Commission and Union government of the Republic of Union of Myanmar.

**Nay Pyi Taw September 12**

A work coordination meeting of the State Security and Peace Commission and Union government of the Republic of Union of Myanmar was held today, addressed by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing.

Also present at the meeting were Vice Chairman of the Commission Vice-Senior General Soe Win, Prime Minister U Nyo Saw, Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, Commission members, union ministers, the Nay Pyi Taw Council chair, and deputy ministers. Region/state chief ministers attended the meeting through video conferencing.

In his keynote address, the Senior General said he visited China from the end of August to early September and attended the Shanghai Cooperation Organisation – SCO SUMMIT 2025 Plus and the 80th Anniversary of the Victory of the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War. Moreover, he also visited Harbin in Heilongjiang province and Chengdu in Sichuan province.

**SCO summit and five GGI points**

He said Myanmar is a dialogue partner of the SCO and the country took part in the Shanghai Cooperation Organisation – SCO SUMMIT 2025 Plus at the invitation of the President of the People's Republic of China H.E. Mr. Xi Jinping. The SCO is an important body set up under the leadership of China and Russia for regional security. The SCO now has a large number of member states, and it has become a powerful organization, apart from its huge work volume.

SCO has original member states, dialogue partners and observers. The total GDP of all its member states is US$ 30.171 trillion, with China standing at the top of its GDP list. The total population of SCO is 3.905 billion. Member states, dialogue partners and observers include industrial countries, agriculture countries, countries that are rich in natural resources, countries that are rich in oil and gas. Moreover, SCO is an interfaith body participated by Buddhist countries, Christian countries, Hindu countries and Islamic countries. Myanmar's participation in the SCO, a multi-sector organization, will be very fruitful for it.

In this world, some countries and organizations exert political, economic, financial and administrative pressures on and exercise discrimination against the countries and governments they dislike. Regarding the issue, relations should be enhanced with international bodies and member states through cooperation.

**Military parade of the 80th Anniversary of the Victory of the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War**

The Senior General and the high-level Myanmar delegation attended the 80th Anniversary of the Victory of the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War at the invitation of the PRC President. The parade won serious global attention, and the three main points were clearly noted. The first one is the well-trained Chinese armed forces; the second is the huge surge in China's defense capability as the military equipment unveiled at the parade is known to have the power to regulate the global balance of power; and the third is the Chinese citizens who are disciplined and systematic. In his address, President Mr. Xi Jinping said that China was able to protect global countries from all kinds of threats befalling them. It is noted that China has the power to protect the world.

While attending the Summit and the parade, the Senior General held meetings with Heads of State from international community including the president of the People's Republic of China, the Prime Minister of India and the president of the Lao People's Democratic Republic. During the meetings, they desired Myanmar as member of the Shanghai Cooperation Organization. Likewise, the Senior General talked about further promotion of trade with Heads of State from China, India, Lao and other countries. The meetings focused on reopening of the border region trade routes under the rules and regulations.

At the SCO Summit, Chinese President Xi Jinping tabled the five Global Governance Initiatives. The first point is that global governance processes should be carried out on the basis that all countries have equal rights. The second point is that in global governance processes, international law must prevail equally over all countries. The third point is that the global governance system should be based on cooperation and consensus among the majority of countries. The fourth point is that the global governance system should be based on people-centred approaches. The fifth point is that the global governance system should be founded only on genuine outcomes. Hence, as these five points are aligned with the stance of Myanmar, the Senior General seconded the table. These five points are also in conformity with current situations of the world.

At the meetings with Heads of State attending the SCO Summit, the Senior General explained progress of Myanmar, bilateral relations and preparations to hold the election. So, those Heads of State expressed their wishes to promote relations with Myanmar, supported Myanmar's preparations to hold the election and pledged to send the election observation teams to Myanmar. Due to attending the SCO Summit, it benefited much in political and international relations of Myanmar.

The high-level Myanmar delegation led by the Senior General was sent to Beijing from Tianjin by the special high speed train. During the trip, it can be seen that the rail transport of China is advance. Hence, Myanmar's relevant ministry needs to observe the rail transport facilities to improve the rail transport system in Myanmar. It is necessary to improve the rail transport as the public transport. Only when the road transport is good will the transport system improve.

During the visit to China, the country's development progress could be witnessed. In the meeting with the Vice President of the People's Republic of China, the Senior General requested assistance for post-earthquake rehabilitation works in Myanmar and received appropriate support. Likewise, in the meeting with Indian Prime Minister Narendra Modi, the Senior General also obtained assistance for earthquake rehabilitation efforts. Only when the necessary roads, bridges, and buildings required for post-earthquake rehabilitation are restored as quickly as possible will the social lives of the people be able to return to normal.

**Investment, trade and boosting production**

The Senior General met businesspersons, experts, entrepreneurs and merchants of Chengdu of Sichuan Province of China. At the meeting, they wish to invest in Myanmar. Existing investments in the country should be reviewed to ensure that they are not hindered, and efforts should also be made collectively to attract new investments. With the increase of foreign investments, more job opportunities will be created and technologies will be acquired, which will greatly contribute to the country's development.

It was learned that Chinese investors wish to make investments in yuan. In trade, direct settlements between yuan and kyat are also being conducted. As the country has significant trade volumes with China, if investment projects can be carried out not only in dollars but also in yuan, investment will expand further and bring great benefits to the nation. Therefore, steps will be taken promptly to enable investments from China to be made in yuan. They added that if economic growth can be promoted,

*See Page 13*

*From Page 12*

extensive national development activities will be implemented. Hence, it is necessary for the respective ministries to give priority to advancing investment activities.

It has been stated that a Myanmar-China Trade and Investment Promotion Association, involving business owners from both sides, will be formed to accelerate investment cooperation with China and swiftly develop businesses. To promote trade with China, it is necessary to further improve and produce more agricultural and livestock products. When we take the time to review our country's export sector, we see that in the BSPP era, agricultural products accounted for about 50%, and in the SLORC era, they were just over 30%. We observed that forestry products, marine products, and mineral products were more abundant. In the SPDC era, agricultural products were only around 20%. During the two terms of the democratic government, they could only export around 20% of agricultural products. During our government's term, we were able to export about 39% of agricultural products. We see that our country exports more raw materials and CMP products than finished goods. As our country is agriculture-based, we need to export more agricultural products than we do now.

We see that during our government's 5-year term, there was a trade surplus of over 2 billion US dollars. However, if we can produce and export more agricultural and livestock products, the trade surplus will increase further, greatly benefiting the national economy. Although I have urged, starting from 2022, for sufficient domestic production of cooking oil, there is still not enough even now. Consequently, we have to import cooking oil, spending foreign currency annually. If we can cultivate our domestic oil crops to achieve full yield per acre and expand sunflower cultivation, we will have sufficiency in domestic cooking oil. Therefore, the Chief Ministers of States and Regions where oil crops are grown need to prioritize and work on this.

If we can produce more goods and export them abroad, the country will earn foreign exchange and the socio-economic lives of the people will greatly improve. We need to sufficiently produce domestically the goods that we are currently importing but are capable of producing, in order to substitute for imports. Therefore, everyone must prioritize and work hard for the promotion of the national economy.

During my visit to Helongjiang and Sichuan provinces, I studied their agricultural operations. I observed that they are conducting their agricultural work using modern digital technologies and AI systems. While our country is striving to transition to mechanized agriculture, our neighbouring country has already stepped up to a higher level. I also observed their good standard of living, cleanliness, individual discipline, and the greenery on both sides of the roads. We need to learn from and adopt their superior practices. The trip we made was beneficial for the country, and this is simply sharing what we learned.

Our country's main economic activity is agriculture and livestock. 70% of our country's population lives in rural areas. By successfully implementing this sector, we can reduce poverty. Therefore, for national economic development, we need to work to further develop agro-based production industries. I seriously urge States and Regions to carry out agricultural and livestock businesses suitable for their regions. To successfully develop the agriculture and livestock sector, we need to study and implement agricultural practices from countries that are more advanced and better than ours.

**Development of industries based on bamboo, cotton, and rubber**

When carrying out production activities, we need to invent, innovate, and work to make them better and more advanced, rather than operating in an ordinary manner. Regarding building Agro-Base Industries, bamboo is found throughout our country. The lifespan of a bamboo plant is a maximum of about 10 to 20 years; if not used, it is wasted. Therefore, the respective Region and State Chief Ministers and Union Ministers must prioritize working to produce value-added products from bamboo based on their regions.

Similarly, regarding cotton, it is cultivated successfully in Sagaing, Mandalay, Magway, and Bago Regions. We need to operate industries based on cotton. We need to cultivate to produce more cotton and produce textiles, and other products from cotton. Regarding rubber cultivation, we also need to carry out industries based on rubber. Bamboo, cotton, and rubber are materials that already exist and are successfully cultivated within our country. These are businesses that can quickly produce finished and saleable goods in a short time. The state is ready to support these businesses with the necessary capital, technology, and requirements. For national economic promotion activities, the state will issue loans for the necessary funds to invest in the development of industrial production businesses. Regarding coffee, the coffee produced in our country is world-class. Therefore, States and Regions need to work to promote coffee cultivation and production.

Educated human resources are necessary for manufacturing industries. Therefore, the government has taken measures for human resources development by adopting policies in the country. Efforts must be made to enable citizens to attain at least middle school level. Only then, will human resources required for industries, agriculture and livestock breeding be available. As basic education schools for industries, agriculture and livestock breeding have been opened, universities and colleges have been established. In the higher education sector, it is necessary to meet high standards without fail.

**High education standards**

As our country is a developing one, most students go to government schools. Therefore, it is necessary to enhance the qualifications of teachers, to appoint sufficient teachers for schools and to improve schools. Measures must be taken to enable students to learn education fully. Efforts must be made to upgrade school buildings to meet their characteristics and aspects in accordance with their designated levels. The government is ready to provide everything necessary to do so.

Schools run by the government must be ones which can be relied on by the people. The government has been providing assistance as much as possible for welfare, accommodations and food for teachers and responsible officials from regions and states are also required to provide assistance to teachers. Doing so would contribute a lot to nurturing educated human resources necessary for the country.

Studying recent riots in Nepal, it can be seen that they started from measures for the social media registration process. It was learnt that some powerful countries were involved in them behind the scenes. It is necessary to take lessons for our country from them.

Emphasis must be placed on enhancing the socio-economic lives of rural people in the country and reduction of unemployment. The number of people who had to go to work abroad due to various reasons and live under the law of host countries is increasing. Some of them are subjected to oppression. Steps must be taken to enable all citizens to live and work in the country peacefully and happily under the protection of the State. Therefore, the government will hold a general election to enable the country to move forward on the multi-party democracy path firmly.

**Successfully holding multi-party general elections**

The elections scheduled for 28 December must be dignified, free and fair ones and the Hluttaw must also be a dignified one. Relevant security personnel are urged to place emphasis on safe campaigning of candidates and take effective action against saboteurs who hinder successful elections. Candidates are required to be ones who can serve the interests of the country, implement democracy and safeguard "Our Three Main National Causes." Relevant chief ministers are also urged to make efforts for successfully holding the election and emergence of candidates who can serve the interests of the country.

**General reports submitted**

Then, members of the commission and union ministers reported to the meeting on stability and security measures for successfully holding the election, plans to provide security for candidates and campaigns, effective action against saboteurs in accordance with the laws for protection of the election and verification of party member lists.

Afterward, the secretary of the commission reported to the meeting on administrative affairs in regions and states, preservation of moral pillars of students, the needs for cooperation of teachers, parents and students, action against monks and nuns who violate Vinaya and those forged fake passports and measures taken against illegal border trade.

**Deliver a concluding remark**

In his concluding remarks, the Senior General observed that the data of ministries and staff is experiencing security breaches through the use of social media. He explained that these breaches of security and personal data, whether direct or indirect, can cause harm to individuals, then to departments, and ultimately to the state level. He therefore stated that it is necessary to carry out awareness-building and effective monitoring to enhance security.

Also, regarding illegal trade, he stated that it is necessary to effectively prevent and suppress it. Concerning border trade, it was mentioned that the relevant countries are being urged and engaged with for the formal opening of border gates. He noted that the occurrence of such trade without officially open border gates is like "reviving a dead tiger" or "handing a knife to a thief." He explained that fighting and suppressing illegal trade will bring about the rule of law and can also lead to a reduction in armed violence. He stated that the regions and states adjoining the border areas must effectively address and monitor illegal trade, as achieving domestic peace will remain difficult as long as it persists. He therefore called for all those involved to take the matter seriously, as they will be effectively prosecuted. Furthermore, he stressed that officials responsible for exposing and stopping illegal trade must carry out systematic monitoring and perform their duties loyally to the state.

He stated that the number of drug-related seizures and arrests remains high because drug production is still ongoing. He stressed that drug production must therefore be exposed and suppressed, as only by stopping it will distribution and sales also decrease. He also added that it is necessary to stop and suppress drug-related online fraud.

Then, he stated that as all present are working for national prosperity, everyone must continue to strive for the successful achievement of their goals. He emphasized that they should focus on and seriously work toward the socio-economic development of all citizens, their mental and physical well-being, and the reduction of the gap between the rich and the poor. What is most important, he stressed, is to work for the nation's economic growth, and he instructed everyone to cooperate to achieve this. It was then reported that the meeting was adjourned. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တောင်ကိုရီးယားနိုင်ငံက ပြည်တွင်းထုတ် KF-21 တိုက်လေယာဉ်ကို အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေ




တောင်ကိုရီးယားနိုင်ငံသည် ပြည်တွင်းထုတ် KF-21 Boramae တိုက်လေယာဉ်ကို အဆင့်မြှင့်တင်သွားရန် ဆောင်ရွက်နေကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအစီအစဉ်သည် ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ် (stealth jet)အဖြစ်ပြောင်းလဲရန် ရည်ရွယ်ခြင်းဖြစ်သည်။ အစီအစဉ်တွင် အဓိကအားဖြင့် လေယာဉ်အတွင်းပိုင်း လက်နက်သိုလှောင်ခန်းများ၊ အဆင့်မြင့်ရေဒါရှောင်ကွင်းနိုင်သည့်ပစ္စည်းများ၊ ပြည်တွင်း၌ အပြည့်အဝထုတ်လုပ်ထားသော မျိုးဆက်သစ်အင်ဂျင်များထည့်သွင်းရန် ပါဝင်သည်။

KF-21 ကို ထုတ်လုပ်သည့် Korea Aerospace Industries (KAI) ကုမ္ပဏီသည် Block I ဖွံ့ဖြိုးတိုးတက်ရေးကို အပြီးသတ်နေပြီဖြစ်ပြီး Block II နှင့် Block III အဆင့်မြှင့်တင်မှုများအတွက် စီမံကိန်းများစတင်နေပြီဖြစ်ကြောင်း သိရသည်။

Korea Aerospace Industries (KAI) ၏စီမံကိန်းအရ Block III ဗားရှင်းတွင် KF-21 ကို လက်ရှိအကန့်အသတ်ဖြင့်သာ ရရှိနေသော ကိုယ်ပျောက်နည်းပညာဖွဲ့စည်းပုံစံထက် ပိုမိုမြင့်မားအောင် ပြောင်းလဲသွားမည်ဖြစ်သည်။ ဤအဆင့်တွင် အမေရိကန်ထုတ် F-35 Lightning II တိုက်လေယာဉ်များကဲ့သို့ ဒုံးကျည်များနှင့်အာရုံခံကိရိယာများကိုလေယာဉ်ကိုယ်ထည်အတွင်း ထည့်သွင်းထားမည်ဖြစ်သည်။ ယခုဒီဇိုင်းအပြောင်းအလဲကြောင့် ရေဒါ၏ဖမ်းမိနိုင်ခြေကို လျှော့နည်းစေပြီး ပဋိပက္ခဒေသများတွင် ရှင်သန်ရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရ၏ အဆိုပြုချက်တွင် ပြည်တွင်းထုတ်မျိုးဆက်သစ်ဂျက်အင်ဂျင်တီထွင်ထုတ်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၆၂ သန်း၊ ကိုယ်ပျောက်နည်းပညာနှင့် သက်ဆိုင်သော အာရုံခံကိရိယာ၊ သတ္တုပစ္စည်းနည်းပညာများအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ ၄၅၃ သန်းပါဝင်သည်။ အဆိုပါအင်ဂျင်တည်ဆောက်ရေးအောင်မြင်မည်ဆိုလျှင် လက်ရှိအသုံးပြုနေသော အမေရိကန်ထုတ် GE F414-GE-400K turbo-fan ကို အစားထိုးနိုင်မည်ဖြစ်သည်။

KAI ကုမ္ပဏီက Block I ဖွံ့ဖြိုးတိုးတက်ရေးကို လာမည့် ၂၀၂၆ ခုနှစ်နှောင်းပိုင်းတွင် ပြီးစီးရန်ရည်ရွယ်ထားပြီး Block II အတွက် ဝေဟင်-မြေပြင်တိုက်ခိုက်နိုင်စွမ်း စမ်းသပ်မှုများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ Block III အတွက်မူ လုံးဝကိုယ်ပျောက်ပုံစံသစ်ကို မိတ်ဆက်ရန် စီစဉ်ထားပြီး လေယာဉ်အတွင်းပိုင်း လက်နက်သိုလှောင်ခန်းများ၌ Meteor ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်လေးစင်း သို့မဟုတ် တိကျပဲ့ထိန်းဗုံးများကို သယ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင်လေယာဉ်တွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့် လက်ရှိ အပြင်ဘက်တွင် တပ်ဆင်ထားသော ပစ်မှတ်အာရုံခံကိရိယာအစုံအလင်ကိုအစားထိုးနိုင်မည့် အတွင်းပိုင်းဒီဇိုင်းသစ်တစ်ခုပါ ထည့်သွင်းသွားရန်လည်း စီစဉ်ထားသည်။

KF-21 တိုက်လေယာဉ်ကို ကိုယ်ပျောက်စွမ်းရည်အပြည့်အဝပိုင်ဆိုင်ထားသောတိုက်လေယာဉ်အဖြစ် ပြောင်းလဲခြင်းအားဖြင့် တောင်ကိုရီးယားအစိုးရသည် လေကြောင်းစွမ်းအားကို မြှင့်တင်ရုံသာမက မျိုးဆက်သစ်တိုက်လေယာဉ်များကို တင်ပို့ရောင်းချနိုင်မည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လေကြောင်းလုပ်ငန်းတစ်ခုကိုလည်း တည်ဆောက်ရန် ရည်ရွယ်ထားသည်။ အကယ်၍ စီစဉ်ထားသည့်အတိုင်း အောင်မြင်ခဲ့မည်ဆိုလျှင် KF-21 Block III သည် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းထုတ် ကိုယ်ပျောက်တိုက်လေယာဉ်အဖြစ် သမိုင်းမှတ်တိုင်တစ်ခုကို ကိုယ်စားပြုမည်ဖြစ်ပြီး ယနေ့ခေတ်တိုက်ခိုက်ရေး လိုအပ်ချက်များနှင့် အနာဂတ် မောင်းသူပါ-မောင်းသူမဲ့ ပူးပေါင်း၍ တာဝေးတိကျသော စစ်ဆင်ရေးများကို ဆက်စပ်ဆောင်ရွက်နိုင်စွမ်း ရှိစေမည်ဖြစ်ကြောင်း သိရသည်။

**South Korea to turn KF-21 into 5th-gen stealth jet ကို ဘာသာပြန်ဆိုထားပါသည်။**

## SMASH စနစ်ကို အကြီးစားစက်သေနတ်များ၊ ယာဉ်များနှင့် အဝေးထိန်းဆုံလည်စနစ်များပေါ်တွင် တပ်ဆင်အသုံးပြု

အစ္စရေးနိုင်ငံ Smartshooter ကုမ္ပဏီသည် ၎င်းတို့ထုတ်လုပ်ထားသော SMASH ပစ်ခတ်မှုထိန်းကျောင်းရေး စနစ်ကို ရိုင်ဖယ်များအပြင် အကြီးစားစက်သေနတ်များ၊ ယာဉ်များနှင့် အဝေးထိန်းဆုံလည်စနစ်များပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

VANAHEIM စီမံကိန်းအတွင်း Smartshooter ကုမ္ပဏီသည် ကုမ္ပဏီထုတ် SMASH 3000 မျက်မြင်ချိန်ရွယ်မှုစနစ်ကို အကြီးစားစက်သေနတ်(HMG) တစ်လက်ပေါ်တွင် တပ်ဆင်ခဲ့ပြီး SMASH HOPPER အဝေးထိန်း ဆုံလည်စနစ်ကိုလည်း ထောက်လှမ်းရေးယာဉ်တစ်စီးနှင့် တွဲဖက်အသုံးပြုခဲ့သည်။ ဤသို့ နေရာသစ်များတွင် တပ်ဆင်အသုံးပြုနိုင်မှုက Smartshooter စနစ်သည် မောင်းသူမဲ့လေယာဉ်စနစ်(UAS)များကို အကွာအဝေးမီတာ ၄၀၀ ထိ ပစ်ခတ်တိုက်ခိုက်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

SMASH စနစ်ကို Android Tactical Assault Kit(ATAK)နှင့် ချိတ်ဆက်ထားခြင်းကြောင့် တပ်မှူးများအနေဖြင့် ပစ်မှတ်ဆိုင်ရာ အချက်အလက်များကို ပစ်ခတ်သူများထံ တိုက်ရိုက်ပေးပို့နိုင်သည်။ ထိုသို့လုပ်ဆောင်နိုင်သည့်အတွက် တပ်ဖွဲ့တစ်ခုလုံး၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။

"Project VANAHEIM ဟာ ရှုပ်ထွေးနက်နဲတဲ့ ခေတ်သစ်စစ်မြေပြင်ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ရဲ့စနစ်တွေကို အကဲဖြတ်ဆန်းစစ်နိုင်ဖို့အတွက် အဖိုးတန်တဲ့ အခွင့်အရေးတစ်ခုကို ရရှိစေခဲ့ပါတယ်။ SMASH Fire Control Systems ပစ်ခတ်မှုချိန်တွယ်ထိန်းကျောင်းရေးစနစ်တွေကို အကြီးစားစက်သေနတ်တွေ(HMG) နဲ့ ယာဉ်တွေပေါ်မှာ တပ်ဆင်နိုင်အောင် တိုးချဲ့နိုင်ခဲ့တာဟာ ပြောင်းလဲနေတဲ့ ခြိမ်းခြောက်မှုတွေအတွက် လိုက်လျောညီထွေရှိပြီး ထိရောက်တဲ့ဖြေရှင်းနည်းတွေပေးနိုင်ဖို့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို ဆက်လက်ဖော်ပြနေပါတယ်"ဟု Smartshooter ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Michal Mor က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်များကို လန်ဒန်မြို့တွင် ကျင်းပနေသည့် 2025 DSEI (Defence and Security Equipment International) ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲကြီးတွင် တရားဝင်ထုတ်ဖော်ပြသလျက်ရှိသည်။ ဤသည်မှာ နည်းပညာ၏ အသုံးဝင်မှုနှင့် ခေတ်သစ်စစ်ပွဲများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အရေးပါမှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း သိရသည်။



SMASH စနစ်ဆိုသည်မှာ မောင်းသူမဲ့လေယာဉ်စနစ်(UAS)များနှင့် အခြားရွေ့လျားပစ်မှတ်များကို တိုက်ခိုက်ရာတွင် တိကျမှန်ကန်စွာ ပစ်ခတ်တိုက်ပွဲဝင်နိုင်စေရန်ဒီဇိုင်းထုတ်ထားသော မျိုးဆက်သစ်ပစ်မှတ်ချိန်ရွယ်မှု စနစ်ပင်ဖြစ်သည်။ အဆိုပါစနစ်သည် ကျည်ဆန်အနေဖြင့် ပစ်မှတ်အား အတိအကျထိမှန်နိုင်မှုကို တွက်ချက်ပေးနိုင်သည့်အတွက် လက်နက်နှင့်ပတ်သက်၍ လေ့ကျင့်ချိန်ကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ SMASH သည် ပုံရိပ်ဖော်နည်းပညာနှင့် စက်သင်ယူမှုနည်းပညာများပေါ်တွင် အခြေခံထားသည်။ ၎င်းစနစ်က နေ့ဘက်၊ ညဘက် နှစ်မျိုးစလုံးတွင် ရွေ့လျားပစ်မှတ်နှင့် အခြေစိုက်တည်ငြိမ်ပစ်မှတ် နှစ်မျိုးစလုံးကို အလိုအလျောက်ပစ်မှတ်ထားနိုင်မည်ဖြစ်သည်။ SMASH 3000 ဗားရှင်းအသစ်တွင် စစ်သည်များမှ စနစ်ပိုင်းသတ်မှတ်ချက်များနှင့် ပစ်ခတ်မှုစံနှုန်းများကို ပိုမိုထိန်းချုပ်လုပ်ဆောင်နိုင်မည့် ဖော်ပြမှုမျက်နှာပြင်အသစ် ပါဝင်သည်။ ကုမ္ပဏီ၏အဆိုအရ အဆိုပါနည်းပညာသည် ပစ်ခတ်သူ၏ ပင်ပန်းနွမ်းနယ်မှု၊ စိတ်ဖိစီးမှုနှင့် ပစ်မှတ်၏ရွေ့လျားမှုများကို ထည့်တွက်စရာမလိုဘဲ ပထမဆုံးအကြိမ်ပစ်ခတ်မှုတွင်ထိမှန်စေရန် အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Smartshooter Expands SMASH Anti-Drone Sight to Heavy Machine Guns, Vehicles ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၄၂၈၀ စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၄၂၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၀၄၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၂၃၆ ဧက စုစုပေါင်း ဧက ၄၂၈၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၄၂၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်အောင် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ပုစွန်အစုံ ပိဿာချိန် ၇၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပုစွန်အစုံပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက ပုစွန်အစုံ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေထွက်ကုန်တွေကို စနစ်တကျသန့်စင်ထုပ်ပိုးပြီး တင်ပို့ရောင်းချနေပါတယ်။ ပုစွန်တွေအပါအဝင် အခြားရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချတဲ့လုပ်ငန်း လုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့အများဆုံးတင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀၊ ပုစွန်ဆိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၃၅၀၀၊ ပုစွန်ပြောင်ထုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၆၅၀၀ မှ ၄၅၀၀၀ စသည်ဖြင့် လတ်ဆတ်မှုပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် မန်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်းဆုံကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မန်းဆုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် သိန်း ၃၉၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၅၄ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို ရန်ပုံငွေကျပ် ၄၄၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# မေတ္တာအကျိုး

- မေတ္တာကို အခြေပြု
ဘဝတစ်ခု ထူဆစ်ရာ၊
စေတနာ လက်ကိုင်သုံး
ရှင်ပြုံးမည်သာ၊
ရိုးသားလျက် ရှင်သန်ပါ
မင်္ဂလာ ကျက်သရေတိုး၊
စွမ်းနိုင်ရာ ပရဟိတကို
ပြုကြသယ်ပိုး။

- မေတ္တာသည် အစွမ်းထက်
ကောင်းသောဘက် ရောက်စေသည်၊
ရန်သူကို မေတ္တာထားတော့
အပြိုးများကင်းမည်၊
တန်ပြန်ရ အကျိုးညီ
လန်းဆန်းတည် နေ့စဉ်မို့၊
စိတ်အာရုံ ဖြူစင်ဖွေ
ယဉ်ကျေးမည်ဗျို့။

- မေတ္တာကို ကျင့်ကြံသုံး
ဘဝတစ်ခုလုံး အေးချမ်းပေ၊
မနာလို အမုန်းတရား
ရှောင်ရှားမိတ်ဆွေ၊
လူသားတိုင်း ရှိပါစေ
မေတ္တာရေ ပက်ဖျန်း၊
ကိုယ်စိတ်နှစ်ဖြာ အပူပင်ကင်းမည်
သန့်ရှင်းဂုဏ်လွှမ်း။ ။

ဖြိုးထက်(ရေစကြို)

# ပြည်မြို့နယ် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပြည် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြောက်နဝင်းရွာသစ် ကျေးရွာအုပ်စု ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေပြည်သာကွက်သစ်ကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ကျေးရွာတွင်း ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အရှည်ပေ ၆၆၀၀ ရှိသော ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၁၄၄ သန်းအသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုညို**

**ရှေ့ဖုံးမှအဆက်**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အပေါင်းအစည်းအဝေး(Shanghai Cooperation Organisation–SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း၊ ထို့ပြင် ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့များသို့လည်း သွားရောက်လေ့လာခဲ့ကြောင်း။

## SCO အစည်းအဝေးနှင့် GGI အချက် ငါးချက်

မိမိတို့နိုင်ငံသည် SCO အဖွဲ့၏ဆွေးနွေးဖက်နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO SUMMIT 2025 Plus) သို့တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် အရေးပါသည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကဦးဆောင်၍ ဒေသတွင်းလုံခြုံရေးအတွက် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် နိုင်ငံများစွာပါဝင်လာပြီး လုပ်ငန်းပမာဏသာမက အင်အားကြီးမားသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာသည်ကိုလည်း တွေ့ရှိရကြောင်း။

SCO အဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများပါဝင်သည်ကို တွေ့ရကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအားလုံး၏ GDP မှာ ဒေါ်လာ ၃၀ ဒသမ ၁၇၁ ထရီလီယံရှိသည်ကို တွေ့ရကြောင်း၊ ထိုအထဲတွင် GDP အမြင့်ဆုံးမှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ SCO အဖွဲ့၏ စုစုပေါင်းလူဦးရေမှာလည်း ၃ ဒသမ ၉၀၅ ဘီလီယံရှိသည်ကို တွေ့ရကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာဖက်နိုင်ငံများအားလုံးတွင် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နိုင်ငံများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆောင်ရွက်သည့်နိုင်ငံများ၊ သယံဇာတပစ္စည်းများ ကြွယ်ဝသည့်နိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝသည့် နိုင်ငံများစသည့်နိုင်ငံများ အသီးသီးပါဝင်သကဲ့သို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ ကိုးကွယ်သည့် နိုင်ငံများပါဝင်ပြီး ဘာသာပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကဏ္ဍပေါင်းစုံပါဝင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မိမိတို့နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ အချို့နိုင်ငံများနှင့်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့မလိုလားသောနိုင်ငံများ၊ အစိုးရများအပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ဘဏ္ဍာရေးအရ၊ အုပ်ချုပ်ရေးအရ ဖိနှိပ်မှုများနှင့် ခွဲခြားဆက်ဆံမှုများရှိကြောင်း၊ ၎င်းကိစ္စများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးတိုးမြှင့်သွားရန်လိုကြောင်း။

## ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား

မိမိနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးက အလေးနက်ထားစောင့်ကြည့်ခဲ့ရသော အခမ်းအနားဖြစ်ပြီး အဓိကအချက် သုံးချက်ကို မှတ်မှတ်ထင်ထင်တွေ့မြင်ခဲ့ရကြောင်း၊ ပထမအချက်မှာ တရုတ်တပ်မတော်၏ လေ့ကျင့်သားပြည့်ဝမှုကို မြင်တွေ့ခဲ့ရကြောင်း၊ ဒုတိယအချက်မှာ စစ်ရေးပြအခမ်းအနားတွင် ပြသခဲ့သည့် စစ်လက်နက်ပစ္စည်းများသည် ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သော ကမ္ဘာကြီး၏အင်အားချိန်ခွင်လျှာကို ထိန်းညှိပေးနိုင်သည့် စွမ်းပကားရှိသည်ကို လေ့လာသိရှိရသည့်အတွက် တရုတ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားမှာ များစွာတိုးတက်လာသည်ကို တွေ့ရကြောင်း၊ တတိယအချက်အနေဖြင့် တရုတ်နိုင်ငံသားများ၏ စည်းကမ်းရှိမှု၊ စနစ်ကျနမှုတို့ပင်ဖြစ်ကြောင်း၊ သမ္မတကြီးရှီကျင့်ဖျင်၏ မိန့်ခွန်းတွင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများ အပေါ်ကျရောက်နိုင်သည့် ခြိမ်းခြောက်မှုများအားလုံးကို တရုတ်နိုင်ငံအနေဖြင့် ကာကွယ်ရင်ဆိုင်နိုင်သည်ဟု ထည့်သွင်း ပြောကြားသွားကြောင်း၊ ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သည့် စွမ်းပကားရှိသည်ကို မြင်တွေ့ခဲ့ရကြောင်း။

အစည်းအဝေးနှင့် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ချိန်အတွင်း တရုတ်နိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ၎င်းတို့အနေဖြင့် လိုလားသည်ကို တွေ့ရကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်း နိုင်ငံအလိုက် ကုန်သွယ်မှုလုပ်ငန်းများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်ရေးလမ်းကြောင်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန် အတွက်လည်း ဆွေးနွေးနိုင်ခဲ့ကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအဆိုပြုချက် ငါးခု၊ Global Governance Initiative ငါးချက်ကိုတင်သွင်းခဲ့ကြောင်း၊ ပထမအချက်မှာ နိုင်ငံတိုင်းသည် တန်းတူအခွင့်အရေးရှိကြောင်းကိုအခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်သင့်သည်၊ ဒုတိယအချက်မှာ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှစိုးမိုးရမည်ဟူသော အချက်ပေါ်တွင်အခြေခံသည်၊ တတိယအချက်မှာ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်သည် နိုင်ငံအများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံထားသင့်သည်၊ စတုတ္ထအချက်မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင် ပြည်သူကိုဗဟိုပြုချဉ်းကပ်သော နည်းလမ်းများအပေါ်တွင် အခြေခံထားသင့်သည်၊ ပဉ္စမအချက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်သည် စစ်မှန်သောရလဒ်များပေါ်တွင်သာ အခြေခံထားသင့်သည်ဟုပါရှိကြောင်း၊ ထို့ကြောင့် အဆိုပါဆွေးနွေးချက် ငါးချက်သည် မိမိတို့နှင့် သဘောထားချင်း နီးစပ်ကိုက်ညီသည့်အတွက် မိမိအနေဖြင့် ထောက်ခံဆွေးနွေးခဲ့ကြောင်း၊ ၎င်းအချက် ငါးချက်သည် ကမ္ဘာ၌ လက်ရှိဖြစ်ပျက်နေသည့် ဖြစ်စဉ်များနှင့်လည်း ကိုက်ညီမှုရှိကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအလိုက်မှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံနှင့်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လိုသကဲ့သို့ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအပေါ်တွင် ထောက်ခံပါကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားနိုင်ခဲ့ကြောင်း၊ ထိုသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းအတွက် မိမိတို့နိုင်ငံ၏ နိုင်ငံရေးနှင့်နိုင်ငံတကာဆက်ဆံရေးအတွက် များစွာ အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း။

မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တီယန်ကျင်းမြို့မှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသို့ စီးနင်းလိုက်ပါရသည့်အချိန်တွင်လည်း တရုတ်နိုင်ငံ၏ ရထားပို့ဆောင်မှုများမှာ အဆင့်မြင့်သည့် ပို့ဆောင်မှုစနစ်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့နိုင်ငံတွင် ရထားပို့ဆောင်မှုစနစ် အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများနှင့် သက်ဆိုင်သည့် ပို့ဆောင်ရေးစနစ်(Public Transportation) ရထားပို့ဆောင်ရေးစနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်မှသာ ကောင်းမွန်သည့် ပို့ဆောင်ဆက်သွယ်ရေးစနစ်များ ဖြစ်လာမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့တွေ့မြင်ခဲ့ရကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် တွေ့ဆုံဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အကူအညီများ တောင်းခံခဲ့ပြီး မိမိတို့နိုင်ငံအတွက် အထောက်အပံ့များ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံ၏ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွက် အကူအညီများရရှိခဲ့ကြောင်း၊မိမိတို့အနေဖြင့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် လမ်း၊ တံတားများ၊ အဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်မှသာ ပြည်သူများ၏ လူမှုဘဝများ ပုံမှန်ပြန်လည်လည်ပတ်နိုင်မည်ဖြစ်ကြောင်း။

## ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး

မိမိအနေဖြင့် တီယန်ကျင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့တို့၌ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယခင်က ဆောင်ရွက်လျက်ရှိသည့် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ကြန့်ကြာမှုမရှိစေရေး ပြန်လည်စိစစ် ဆောင်ရွက်ရန်လိုသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာခြင်း၊ နည်းပညာများရရှိခြင်းတို့မှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်နိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် တရုတ်ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံလိုကြသည်ကိုသိရှိခဲ့ရကြောင်း၊ ကုန်သွယ်မှုတွင်လည်း ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏများစွာရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဒေါ်လာဖြင့်သာမက ယွမ်နှင့်ပါ ဆောင်ရွက်နိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာပြီး နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကို ယွမ်ဖြင့်ပြုလုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများအလိုက် အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

တရုတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်တိုးတက်စေရေး နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် မြန်မာ-တရုတ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအသင်းကို ဖွဲ့စည်းဆောင်ရွက်ရန် ပြောကြားထားပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့်ကုန်သွယ်မှု မြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်ပစ္စည်းများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍကို အချိန်ယူလေ့လာကြည့်ရာတွင် လမ်းစဉ်ပါတီခေတ်၌ လယ်ယာထွက်ကုန် ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး နဝတခေတ်တွင် လယ်ယာထွက်ကုန်၃၀ ရာခိုင်နှုန်းကျော်ခန့်ရှိကြောင်း၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်နှင့် တွင်းထွက်ပစ္စည်းများ ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ နယကခေတ်တွင် လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့်သာရှိကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်ခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အစိုးရသက်တမ်းကာလတွင် လယ်ယာထွက်ကုန်များကို ၃၉ ရာခိုင်နှုန်းခန့်တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းများထက် သယံဇာတပစ္စည်းများနှင့် CMP ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ လယ်ယာထွက်ကုန်ပစ္စည်းများကို ယခုထက်ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း။

မိမိတို့အစိုးရ၏ ငါးနှစ်တာကာလအတွင်း ကုန်သွယ်မှုပို့ငွေဒေါ်လာ နှစ် ဘီလီယံကျော်ခန့်ရှိသည်ကို တွေ့ရကြောင်း၊ သို့သော် ယခုထက်ပိုမို၍ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုပို့ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း စားသုံးဆီများလုံလောက်စွာထုတ်လုပ်နိုင်ရေး တိုက်တွန်းပြောကြားခဲ့သော်လည်း ယခုအချိန်အထိ လုံလောက်မှုမရှိသေးကြောင်း၊ ထို့ကြောင့် **စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရပြီး နှစ်စဉ်နိုင်ငံခြားငွေများ ကုန်ကျလျက်ရှိ**ကြောင်း၊ **မိမိတို့နိုင်ငံမှထွက်ရှိသည့် ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်၊ နေကြာစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိလာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

**ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများများစွာတိုးတက်လာမည်ဖြစ်**ကြောင်း၊ **ပြည်ပမှတင်သွင်းနေရသည့် ပြည်တွင်းထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်၍ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရန်လို**ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် အားလုံးကအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် ဟေလုံကျန်းပြည်နယ်နှင့် စီချွမ်ပြည်နယ်များသို့ရောက်ရှိစဉ် ၎င်းတို့ပြည်နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို

> **စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရပြီး နှစ်စဉ်နိုင်ငံခြားငွေများ ကုန်ကျလျက်ရှိ၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်း ပြည့်မီအောင် စိုက်ပျိုးနိုင်မည်၊ နေကြာစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်း စားသုံးဆီများ ဖူလုံမှုရှိလာမည်ဖြစ် . . .**

လေ့လာခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ၊ AI စနစ်များကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်မှုလယ်ယာစနစ်ကူးပြောင်းရန် ကြိုးပမ်းနေရချိန်တွင် အိမ်နီးချင်းနိုင်ငံ၌ ပို၍မြင့်မားသောအဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ အလားတူ လူနေမှုအဆင့်အတန်းကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှုနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်မှုများကိုလည်း လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့ထက်ကောင်းမွန်သာလွန်မှုများကို အတုယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သွားရောက်ခဲ့သည့် ခရီးစဉ်သည် နိုင်ငံအတွက်အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပြီး လေ့လာတွေ့ရှိခဲ့ရသည်များကို ပြန်လည်မျှဝေပေးခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်သူများဖြစ်ပြီး ၎င်းလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် အလေးအနက်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်နိုင်ရေး မိမိတို့နိုင်ငံထက် ပိုမိုသာလွန်ကောင်းမွန်သည့် နိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်သွားရန်လိုကြောင်း။

**ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်၊ ပြည်ပမှတင်သွင်းနေရသည့် ပြည်တွင်းထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရန်လို . . .**

## ဝါး၊ ဝါနှင့်ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး

ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်သဘောမျိုးဆောင်ရွက်ခြင်းထက် ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင်တီထွင်ကြံဆ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ Agro-Base Industries တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနှံ့အပြားတွင် ဝါးများထွက်ရှိကြောင်း၊ ဝါးပင်၏ သက်တမ်းသည် အများဆုံး ၁၀ နှစ်မှ အနှစ် ၂၀ ခန့်ရှိပြီး အသုံးမပြုပါက အလဟဿဖြစ်ရကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝါးမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်သွားရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ဝါနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါများစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဝါများ ယခုထက်ပိုမိုထွက်ရှိအောင် စိုက်ပျိုး၍ ဝါမှ ချည်ထည်နှင့် အခြားထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းဝါး၊ ဝါနှင့်ရော်ဘာတို့သည် မိမိတို့နိုင်ငံအတွင်းတွင်ရှိထားပြီး၊ စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီး ပစ္စည်းများဖြစ်၍ အချိန်တိုအတွင်း ကုန်ချောနှင့်ရောင်းကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်သောလုပ်ငန်းများဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများအတွက် လိုအပ်သောအရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးကူညီသွားရန်အသင့်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်ငွေကြေးများကို နိုင်ငံတော်က ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် ကမ္ဘာပေါ်တွင် တန်းဝင်သည့်ကော်ဖီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းများ တိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် ပညာတတ် လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနည်းဆုံးအဆင့် အလယ်တန်းအဆင့်ထိ တက်ရောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ စက်မှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးအခြေခံ ပညာကျောင်းများကို ဖွင့်လှစ်ထားသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကိုလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားရာတွင်လည်း အဆင့်မီသည့်ပညာရေးဖြစ်စေရေးမဖြစ်မနေ ဆောင်ရွက်ပေးရန်လိုကြောင်း။

## ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကျောင်းသားအများစုသည် အစိုးရကျောင်းများတွင် ပညာသင်ကြားကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အချင်းနှင့် အရေအတွက်ပြည့်မီရေး၊ ကျောင်းများ အဆင့်မြှင့်တင်နိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ အပြည့်အဝ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ ဥပဓိရုပ်များ ကောင်းမွန်စေရေးအတွက်လည်း သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီသည့် အင်္ဂါရပ်များနှင့်ပြည့်စုံသည့်ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသည့် ကျောင်းများသည် ပြည်သူများက အားထားရသည့် စာသင်ကျောင်းများဖြစ်ရန်လို**ကြောင်း၊ ဆရာ၊ ဆရာမများအတွက် လိုအပ်သည့် သက်သာချောင်ချိမှုနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေစေရေး နိုင်ငံတော်ကတတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့်ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

လတ်တလောဖြစ်ပေါ်နေသည့် နီပေါနိုင်ငံအတွင်း ဆူပူမှုများနှင့်ပတ်သက်၍ လေ့လာကြည့်သည့်အခါ ဆိုရှယ်မီဒီယာများအား မှတ်ပုံတင်ရန်ဆောင်ရွက်ခြင်းမှ စတင်၍ ဖြစ်ပေါ်လာသည်ဟုသိရှိရကြောင်း၊ သို့သော် အဆိုပါဆူပူမှု၏ နောက်ကွယ်တွင် အင်အားကြီးနိုင်ငံအချို့ ပါဝင်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ ဆူပူမှုများ ဖြစ်ပေါ်ခြင်းအပေါ် မိမိတို့နိုင်ငံအတွက် သင်ခန်းစာ ဖော်ထုတ်ဆောင်ရွက်သွားရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အလုပ်လက်မဲ့များ လျှော့ပါးစေရေးနှင့်ပတ်သက်၍လည်း အထူးအလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများ များပြားလာပြီး ၎င်းတို့သွားရောက်သည့်နိုင်ငံများမှ ဥပဒေအောက်တွင်နေထိုင်ကြရကြောင်း၊ အချို့ဖိနှိပ်ခံရမှုများရှိသည်ဟုသိရကြောင်း၊ မိမိတို့နိုင်ငံသားများအားလုံး နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် ပျော်ရွှင်အေးချမ်းစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံအား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့်ဆက်လက်လျှောက်လှမ်းနိုင်ရေး ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး လွှတ်တော်သည်လည်း သိက္ခာရှိသည့် လွှတ်တော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာဖြင့် မဲဆွယ်စည်းရုံးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက အလေးပေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်မှု မရှိစေရေးအတွက် အဖျက်အမှောင့်လုပ်ဆောင်လာသူများကိုလည်း ထိရောက်စွာအရေးယူမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ခံမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံ၏အကျိုးကို အမှန်တကယ် **ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်သူဖြစ်**ရန်လိုကြောင်း၊ **ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်မည့်သူများပေါ်ထွက်လာစေရေး သက်ဆိုင်ရာဝန်ကြီးချုပ်များက ဦးဆောင်ပြီး ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်းဖြင့်** ပြောကြားသည်။

## အထွေထွေဆွေးနွေးတင်ပြ

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုယ်စားလှယ်လောင်းများ လုံခြုံရေးနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံရေးလုပ်ငန်းများကိုဆောင်ရွက်ရန် လျာထားလျက်ရှိမှု၊ ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအား နှောင့်ယှက်သူများကို ရွေးကောက်ပွဲကာကွယ်ရေးဥပဒေဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဝင်ရောက်မည့်ပါတီများ၏ ပါတီဝင်များအား စာရင်းကိုက်ညီမှုရှိစေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဖြစ်ပေါ်ခဲ့သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ စာရိတ္တမဏ္ဍိုင်များ ထိန်းသိမ်းနိုင်ရေး ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှု၊ သာသနာရေးဆိုင်ရာများတွင် ဝိနည်းနှင့် လျော်ညီမှုမရှိစွာနေထိုင်သည့် သံဃာများနှင့် သီလရှင်များအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသမှ တရားမဝင် ကုန်သွယ်မှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၏အချက်အလက်များ၊ ဝန်ထမ်းများ၏ အချက်အလက်များသည် ဆိုရှယ်မီဒီယာများ အသုံးပြုမှုမှတစ်ဆင့် လုံခြုံရေးကျိုးပေါက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် တိုက်ရိုက်ကျူးပေါက်ခြင်း၊ သွယ်ဝိုက်၍ ကျူးပေါက်ခြင်းများဖြင့် တစ်ဦးတစ်ယောက်ချင်းထိခိုက်ခြင်း၊ ဌာနအလိုက်ထိခိုက်ခြင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့် ထိခိုက်ခြင်းများဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးပိုင်းဆိုင်ရာအရ အသိပညာပေးရန်နှင့် ထိထိရောက်ရောက် ကြပ်မတ်ခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ထိရောက်စွာတားဆီးနှိမ်နင်းသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တိုက်တွန်းပြောဆိုလျက်ရှိကြောင်း၊ နယ်စပ်ဂိတ်များတရားဝင်ဖွင့်လှစ်နိုင်မှုမရှိဘဲ တရားမဝင်ကုန်သွယ်မှုများဖြစ်ပေါ်နေခြင်းသည် ကျားသေကိုအသက်သွင်းခြင်း၊ သူခိုးဓားရိုးကမ်းခြင်းပင်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့်ထိစပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် ကိုင်တွယ်ကြပ်မတ်သွားရန်လိုကြောင်း၊ **တရားမဝင်ကုန်သွယ်မှုများရှိနေသရွေ့ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး ခက်ခဲနေမည်ဖြစ်သဖြင့် ပါဝင်ပတ်သက်နေသူများအားလုံးကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထား ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

မူးယစ်ဆေးဝါးနှင့် ပတ်သက်၍လည်း ဖော်ထုတ်ဖမ်းဆီးရမိမှုများ များပြားနေဆဲဖြစ်ပြီး ထုတ်လုပ်မှုရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမရှိစေရေး ဖော်ထုတ်တားဆီးနှိမ်နင်းသွားကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုမလုပ်ဆောင်နိုင်မှသာလျှင် ဖြန့်ဖြူးမှုနှင့် ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်၍ အွန်လိုင်းလိမ်လည်မှုများကိုလည်း တားဆီးနှိမ်နင်းသွားကြရန် လိုကြောင်း။

မိမိတို့အားလုံးသည် နိုင်ငံတော်ကို ကောင်းမွန်တိုးတက်အောင် ရည်ရွယ်ဆောင်ရွက်နေကြသူများဖြစ်သဖြင့် ရည်မှန်းချက်များအောင်မြင်စေရေးအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ **နိုင်ငံသူ၊နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်**ပေးကြရန်ပြောကြားလိုကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံ၏စီးပွားရေး တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ (ဟ၀၁)

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၃၆/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ ဒေါ်လှမြင့်အား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၃၇/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ ဦးစောမျိုးမျိုးအား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူ တစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်း၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိတပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေအား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်အေးသီတာမျိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာ<br>အဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးသက်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ<br>ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## ဒေါက်တာအေးမောင်အား ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်းကို ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၀၂ /၂၀၂၅)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

**ဒေါက်တာအေးမောင်အား ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်းကို ပယ်ဖျက်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈-၅-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်(၉၆/၂၀၂၀)ဖြင့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ် အမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော ဒေါက်တာအေးမောင်အား စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းသဖြင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၁၁-၉-၂၀၂၅ ရက်စွဲပါ အမိန့်အမှတ် (၇/၂၀၂၅)ဖြင့် ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ်ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈-၅-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်(၉၆/၂၀၂၀)ဖြင့် ဒေါက်တာအေးမောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃ / နခန (နိုင်) ၀၀၉၉၉၉ ]အား ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ကြေညာထားခြင်းအား ပယ်ဖျက်လိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများ နေရာယူကြသည်။

ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော်အားကစားနှင့်ကာယ ပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက် အလေးပြုထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစား နှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသမီး မီတာ ၁၀၀ တန်းကျော် အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ လုရွေးပွဲ နှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြိုင်ပွဲ လုရွေးပွဲများကို ကြည့်ရှုအားပေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပနေမှုကို တွေ့ရစဉ်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို စက်တင်ဘာ ၁၆ ရက်ထိ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၁၉ ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်ထိ မလေးရှားနိုင်ငံ မလက္ကာမြို့၌ ကျင်းပသည့် ၁၉ ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ [19th ASEAN Ministerial Meeting on Trans-national Crime (AMMTC) and its Related Meetings] သို့ တက်ရောက်ခဲ့ပြီး ယနေ့ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။

၁၉ ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Double Tree by Hilton ဟိုတယ်၌ စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ AMMTC ခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံ အတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အမှာစကားပြောကြားခြင်း၊ အိမ်ရှင် မလေးရှားနိုင်ငံ၏ AMMTC ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Datuk Seri Saifuddin Nasution bin Ismail က အဖွင့်အမှာစကားပြောကြားခြင်း၊ အထူးဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် Mr. Anwar bin Ibra-him က အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ မလေးရှားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအက ဖြင့် ဖျော်ဖြေခြင်းတို့ကို ပြုလုပ်ခဲ့ပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ AM-MTC ခေါင်းဆောင်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

စက်တင်ဘာ ၉ ရက်တွင် ၁၉ ကြိမ်မြောက် AMMTCနှင့် ဆက်စပ်အစည်းအဝေးများအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများကိုလည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ၁၉ ကြိမ်မြောက် AMMTC အစည်းအဝေးကိုလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား သုံးနိုင်ငံတို့နှင့် ၁၅ ကြိမ်မြောက် AMMTC + 3 အစည်းအဝေး၊ ၁၂ ကြိမ်မြောက် AMMTC + China အစည်းအဝေး၊ ၁၀ ကြိမ်မြောက် AMMTC + Japan အစည်းအဝေး၊ ၆ ကြိမ်မြောက် AMMTC + ROK အစည်းအဝေးတို့ကိုလည်းကောင်း Double Tree by Hilton ဟိုတယ်ရှိ Grand Ballroom ၌ ကျင်းပခဲ့သည်။

၁၉ ကြိမ်မြောက် AMMTCနှင့် ဆက်စပ်အစည်းအဝေးများတွင် နိုင်ငံတကာ အဆင့်၊ ဒေသအဆင့်နှင့် အမျိုးသားအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၅)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဆိုင်ရာလုပ်ငန်းအဖွဲ့ တည်ထောင်ရေး သဘောတရားစာတမ်း၊ အာဆီယံ နယ်စပ်ဒေသစီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာမလက္ကာ ကြေညာချက်၊ အရှေ့တောင်အာရှဒေသအတွင်း လူမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက်၊ ဆိုက်ဘာမှုခင်းနှင့်အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက်နှင့် ပူးတွဲထုတ်ပြန်ချက်များကို အတည်ပြုခဲ့ကြသည်။ ဆက်လက်၍ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် ၄၇ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင်ထုတ်ပြန်မည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ ကြေညာချက်၊ ပြစ်မှုဆိုင်ရာတရားခံပြေးများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးရာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ ကြေညာချက်နှင့် အစွန်းရောက် အကြမ်းဖက်မှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် အားကစားပွဲများပြုလုပ်ပေးရေးဆိုင်ရာအာဆီယံခေါင်းဆောင်များ ကြေညာချက်တို့ကို အတည်ပြုခဲ့ကြပြီး အကြိမ် ၂၀ မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံ ဆီဘူးမြို့၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# လှမ်းတိုင်းတင့်ခဲ့၍ ပန်းတိုင်းလည်း ပွင့်အောင်ကြိုးစားကြပါ

ကျော်ဝေ(ဥက္ကလာ)


**“ကျွန်တော်တို့နိုင်ငံတော်ရဲ့ ရှေ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီမှာမှ ကျွန်တော်တို့က ဒါကိုပဲအငြင်းပွားပြီးတော့မှ ကဏ္ဍကောစ လုပ်နေမယ်ဆိုရင်တော့ တိုးတက်မှုအသီးအပွင့်တွေဟာ အပြည့်အဝ ခံစားရမှာတော့မဟုတ်ဘူး။ ဒါ့ကြောင့် တည်ငြိမ်အေးချမ်းဖို့အတွက်လည်းလိုပါတယ်။ တည်ငြိမ်အေးချမ်းဖို့ဆိုရင် နိုင်ငံရေးအသိရှိရှိနဲ့ လုပ်ဖို့လည်းလိုပါတယ်။ နံပါတ်တစ်အချက်တည်ငြိမ်အေးချမ်းအောင်ကြိုးစားရမယ်။ အတန်းပညာရှိအောင်ကြိုးစားရမယ်။ ပြီးလို့ရှိရင်ပညာရေးနဲ့ပတ်သက်ပြီး ရအောင်မြှင့်တင်ပေးရမယ်။ ကျွန်တော်တို့အလုပ်လုပ်ဖို့လိုတယ်။ ဒါတွေလုပ်နိုင်မှသာ ကျွန်တော်တို့ အခုသွားတဲ့ ဒီခရီးစဉ်အတွင်းမှာရရှိခဲ့တဲ့ ရလဒ်တွေကို ကျွန်တော်တို့က ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ”**

ဒီစကားကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025)နဲ့ တရုတ်နိုင်ငံခရီးစဉ်ပြီးမြောက်လို့ အပြန်လေယာဉ်ပေါ်မှာ မီဒီယာတွေကို ဖြေကြားခဲ့တဲ့ စကားထဲက ထုတ်နုတ်ထားတဲ့ဖြေကြားချက်ပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ဒီခရီးစဉ်မှာ နိုင်ငံတော်နဲ့ပြည်သူအတွက် ဘယ်လိုရလဒ်တွေ ပိုင်ဆိုင်ခဲ့သလဲဆိုတာကို စာရေးသူထုတ်နုတ်မျှဝေလိုက်တဲ့စကားလေးက ပိုင်ပိုင်နိုင်နိုင်ညွှန်းဆိုနေတာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ အစည်းအဝေးနဲ့ ခရီးစဉ်က ရလဒ်ကောင်းတွေ ပိုင်ဆိုင်ခဲ့ပေမယ့် နိုင်ငံတွင်းမှာ ရေကန်အသင့်ကြာအသင့်ဆိုသလို ဖြစ်နေရမယ့် အပိုင်းတွေကိုလည်း နိုင်ငံတော်အကြီးအကဲက မီဒီယာတွေကတစ်ဆင့် ပြည်သူအားလုံးကို သတင်းစကားမျှဝေထားတာကိုလည်း နောက်တစ်ချက်တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခြေလှမ်းတိုင်းကတင့်ခဲ့ပြီမို့ နိုင်ငံတော်ရဲ့ ဘက်စုံကဏ္ဍဖွံ့ဖြိုးရေးဟာလည်း ပန်းများပမာပွင့်လန်းဖို့လိုအပ်လာပြီ မဟုတ်ပါလား။ ဒီပန်းတွေပွင့်ဖို့ဆိုရင်တော့ တိုင်းရင်းသားပြည်သူအားလုံးဟာ တစ်သွေးတည်းတစ်သားတည်းစိတ်နဲ့ အားလုံးပူးပေါင်းထမ်းဆောင်ကြဖို့မလိုပေဘူးလားဗျာ။ တီယန်ကျင်းမှာစခဲ့တဲ့ခရီးစဉ်လေးကို ဆက်ပြီးလေ့လာကြည့်ရအောင်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တီယန်ကျင်းမြို့ကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်မွန်းလွဲ ၁ နာရီ ၁၀ မိနစ်မှာ ရောက်ရှိခဲ့ကြတယ်။ တီယန်ကျင်းမြို့ဟာ တရုတ်နိုင်ငံရဲ့မြောက်ပိုင်းမှာ တည်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရောက်ချိန်မှာ လေဆိပ်ကနေစလို့ အဆင့်မြင့်မြင့်ခမ်းခမ်းနားနားနဲ့ကြိုဆိုခဲ့ကြတာကိုတွေ့မြင်ရပါတယ်။ ကြည်လင်တဲ့ရာသီဥတုနဲ့ တန်ဖိုးထားပြီးနွေးထွေးတဲ့သူတို့နိုင်ငံရဲ့ ကြိုဆိုမှုဟာ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် လန်းဆန်းမှုခံစားချက်တွေကို ပေးစွမ်းနိုင်မယ်လို့ စာရေးသူခံစားမိပါတယ်။ လေဆိပ်ကနေ တည်းခိုရာနေရာတစ်လျှောက် အပြည့်အဝပေးထားတဲ့ လုံခြုံရေးစနစ်ကလည်း နိုင်ငံတော်အကြီးအကဲအပေါ်ထားတဲ့ တန်ဖိုးထားမှု၊ အလေးအနက်ထားမှုတွေကို တစ်ဖက်က ညွှန်းဆိုနေတယ်လို့ ကျွန်တော်တို့ အလိုလိုသဘောပေါက်နားလည်ကြရမှာပါ။

တီယန်ကျင်းမြို့က Bohai ပင်လယ်ကမ်းရိုးတန်းမှာရှိတဲ့အဓိကဆိပ်ကမ်းမြို့ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ပေကျင်းမြို့တော်အတွက်အရေးကြီးတဲ့ဝင်ပေါက်တစ်ခုအဖြစ် အရေးပါတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ပေ (၅ မီတာ)ထက် မနည်းသောမြင့်မားသည့် မြေပြန့်လွင်ပြင်တွင်ရှိသောမြို့ဖြစ်ပါတယ်။ အရှေ့ဘက်မှာ ဘိုဟိုင်ခရိုင်၊ အနောက်မြောက်ဘက်မှာ ပေကျင်းမြူနီစီပယ်နဲ့ မြောက်ဘက်၊ အနောက်ဘက်နဲ့ တောင်ဘက်တို့မှာ ဟောပေပြည်နယ်တို့နဲ့လည်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။



တီယန်ကျင်း(TIANJIN)မြို့က ပင်လယ်နဲ့နီးကပ်နေပေမယ့် နေ့စဉ်ရာသီအလိုက် အပူချိန်ဟာ သိသိသာသာပြောင်းလဲမှုများလည်းရှိပါတယ်။ နှစ်စဉ်အောက်တိုဘာလကနေ ဧပြီလအထိဟာ ဆောင်းရာသီဖြစ်ပြီး မေလကနေ စက်တင်ဘာလအတွင်းကတော့ နွေရာသီကျရောက်တဲ့ မြို့လည်းဖြစ်ပါတယ်။ ဆောင်းရာသီမှာ အေးမြခြောက်သွေ့တဲ့ ဆိုက်ဘေးရီးယားလေဖိအားနည်းရပ်ဝန်းရဲ့ သက်ရောက်မှုကို အပြည့်အဝခံစားရပါတယ်။ နွေရာသီမှာတော့ မြောက်ပစိဖိတ်သမုဒ္ဒရာရဲ့ ဖိအားမြင့်စနစ်ကြောင့် ပူပြင်းပြီးမိုးရွာတဲ့ရာသီဥတုမျိုးကို သက်ရောက်ပါတယ်။ ဆောင်းရာသီမှာတော့ မိုးရွာသွန်းမှုနည်းပါးပါတယ်။ နှစ်စဉ်ပျမ်းမျှအပူချိန်က ၅၆ ဒီဂရီဖာရင်ဟိုက်ရှိပြီး ဇန်နဝါရီလမှာတော့ ပျမ်းမျှအပူချိန်ဟာ ၂၅ ဒီဂရီဖာရင်ဟိုက်နဲ့ ဇူလိုင်လရဲ့ ပျမ်းမျှအပူချိန်ကတော့ ၈၁ ဒီဂရီဖာရင်ဟိုက်အထိရှိတာကိုတွေ့ရပါတယ်။ တီယန်ကျင်းမြို့မှာ ပြင်းထန်တဲ့ဆောင်းမုန်တိုင်းတွေ အဖြစ်များတာကိုလည်း တွေ့ရပါသေးတယ်။

တီယန်ကျင်းမြို့ပြသည် အရှေ့မှ အနောက် ခုနစ်မိုင်ခန့်နှင့် မြောက်မှတောင်အကွာအဝေးဟာ ကိုးမိုင်ခန့်ကျယ်ဝန်းပါတယ်။ တီယန်ကျင်းမြို့မှာ စီးပွားရေးအားဖြင့် ကုန်ထုတ်လုပ်မှု၊ ဓာတုဗေဒနဲ့ သဘော်ာတည်ဆောက်ရေးအပါအဝင် အကြီးစားစက်မှုလုပ်ငန်းအတွက် အချက်အချာကျတာကို တွေ့ရပါတယ်။ မြို့အနေနဲ့ အဓိကကူးသန်းရောင်းဝယ်ရေးနဲ့ ငွေကြေးဆိုင်ရာဗဟိုအချက်အချာကျတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။

စီးပွားရေးအားဖြင့် ၁၉၄၉ ခုနှစ်ကတည်းက အကြီးစားစက်မှုလုပ်ငန်းကို တီထွင်ခဲ့ပြီး လက်ရှိတွင်စက်မှုလုပ်ငန်းကို အခြေခံကာ ပိုမိုကောင်းမွန်တဲ့ကုန်ထုတ်စွမ်းအားကို တိုးတက်အောင်ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ မြို့ရဲ့ အဓိကလုပ်ငန်းကြီးများအဖြစ် အကြီးစားစက်ယန္တရားများနဲ့ ဓာတုပစ္စည်းများထုတ်လုပ်ခြင်း၊ သံ၊ သံမဏိနဲ့ သဘော်ာတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ တီယန်ကျင်းမြို့တော်ရှိ စက်ယန္တရားကြီးများတည်ဆောက်ရေးစက်ရုံအနေနဲ့ တရုတ်နိုင်ငံရဲ့ အကြီးဆုံးသတ္တုတူးဖော်ရေးစက်ကိရိယာများထုတ်လုပ်တာကို လေ့လာတွေ့ရှိရပြီး အခြားထုတ်ကုန်များအနေနဲ့တော့ အထည်အလိပ်များထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးအတွက်ယန္တရားများထုတ်လုပ်ခြင်း၊ စက်ကိရိယာများထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းများ၊ စက်ဘီးများ၊ လယ်ထွန်စက်များ၊ ဓာတ်လှေကားများ၊ ထရပ်ကားများထုတ်လုပ်ခြင်း စတဲ့လုပ်ငန်းများရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

မြို့ပြပုံရိပ်များအနေနဲ့ကတော့ Bohai မြစ်က မြို့ကိုဖြတ်သန်းသွားပြီး မြစ်ဘက်လမ်းကြောင်းတစ်လျှောက် အလှဆင်ထားတဲ့ တံတားတွေ၊ လျှပ်စစ်အလင်းအိမ်များနဲ့ လှပတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ယဉ်ကျေးမှုအမှတ်တရနေရာတွေအနေနဲ့ကတော့ Goubuli Baozi ဆိုင်များ (နာမည်ကြီးအစားအသောက်ဆိုင်များ)၊ Tianjin Acient Culture Street ဆိုတဲ့ ယဉ်ကျေးမှုလမ်းနဲ့ Dagu Forts ဆိုတဲ့ သမိုင်းဝင်စစ်တပ်နယ်တို့ပဲဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်နဲ့ ခေတ်သစ်မြို့ပြပုံစံ(skyscrapers, port city)တို့ ပေါင်းစပ်ထားတဲ့ မြို့တော်တစ်ခုဖြစ်တာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သွားရောက်ခဲ့တဲ့ တီယန်ကျင်းမြို့တော်ဟာ တရုတ်နိုင်ငံရဲ့ သမိုင်းအမွေအနှစ်ကြီးမားတဲ့ မြို့တစ်မြို့အဖြစ်တည်ရှိနေပါတယ်။ ဒီလိုသမိုင်းအစဉ်အလာကြီးမားတဲ့ မြို့တော်မှာပဲ SCO ထိပ်သီးအစည်းအဝေးကျင်းပရခြင်းဟာ တရုတ်နိုင်ငံအနေနဲ့ သူတို့ရဲ့ အတိတ်သမိုင်းတည်ရှိခဲ့မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ သူတို့အစိုးရနဲ့ပြည်သူတွေရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနဲ့ တရုတ်နိုင်ငံရဲ့ လူသားအရင်းအမြစ်ကောင်းတွေရဲ့ စွမ်းအားကိုထုတ်ဖော်ပြသလိုတာကြောင့်လို့ပဲ စာရေးသူမြင်မိပါတယ်။

**နိုင်ငံတော်အကြီးအကဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping တို့တွေ့ဆုံခြင်း**

နိုင်ငံတော်အကြီးအကဲဟာ ဩဂုတ်လ ၃၀ ရက်ဒေသစံတော်ချိန် ညနေ ၅ နာရီမှာပဲ တီယန်ကျင်းဧည့်ဂေဟာမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နဲ့ သီးခြားတွေ့ဆုံခဲ့တယ်။ ပြီးနောက်မှာတော့ နှစ်နိုင်ငံအကြီးအကဲနှစ်ဦး ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်နှစ်ဖွဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုရဲ့အကြောင်းအရာလေးတွေနဲ့ ရလဒ်တွေကို စာရေးသူက ဆက်လက်မျှဝေပေးချင်ပါတယ်။

ကနဦးဆွေးနွေးမှုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးနဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို တက်ရောက်အသိအမှတ်ပြုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဆိုတဲ့ နှုတ်ခွန်းဆက်စကားဟာ နှစ်နိုင်ငံကြား အစိုးရချင်းပိုမိုနီးကပ်သွားစေပါတယ်။

**“မြန်မာနိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း”** တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping က ပြောခဲ့တာဖြစ်ပါတယ်။ ရင်ချင်းပိုမိုနီးကပ်သွားစေတာကတော့ ဖက်ဆစ်တော်လှန်ရေးမှာပါဝင်ခဲ့တဲ့နိုင်ငံဆိုတာပါပဲ။ ဆိုလိုတာက အဆွေတော်တို့နဲ့ ကျွန်တော်တို့ဟာ အိမ်နီးချင်းဖြစ်ရုံသာမက သမိုင်းမြေခံအစိတ်အပိုင်းအချို့နဲ့သမိုင်းထဲက စွမ်းဆောင်မှုတွေပါတူညီနေတဲ့ နိုင်ငံဖြစ်နေတယ်လို့ ပြောလိုက်တဲ့သဘောပါပဲ။

**“တရုတ်နှင့်မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံပြီး မြန်မာပြည်သူလူထု ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံအေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း”**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ဆက်လက်ပြောကြားခဲ့တာပဲဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးနေတယ်ဆိုရင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်ရေးကို ဆန့်ကျင်နေတဲ့ လက်ရှိပြည်တွင်းပြည်ပကနေ လုပ်ဆောင်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကိုဆန့်ကျင်ပါတယ်ဆိုတာကို တရားဝင်ပြောလိုက်တာပဲဖြစ်ပါတယ်။ နောက်တစ်ချက်က **မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံတယ်**ဆိုတဲ့အချက်ပါ။

လက်ရှိမြန်မာနိုင်ငံရဲ့ တည်ဆဲအစိုးရဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဦးဆောင်တဲ့ အစိုးရအဖွဲ့ရဲ့နိုင်ငံတော်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုတွေအပေါ် သူတို့ထောက်ခံရပ်တည်နေကြောင်း တရားဝင်ချပြလိုက်တာပဲဖြစ်ပါတယ်။ **စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

ဒီစကားဟာ မကြာမီကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စေခြင်းအပြင် ပေါ်ထွက်လာမယ့်အစိုးရသစ်တစ်ရပ်အတွက်လည်း အသိအမှတ်ပြုမယ်ဆိုတဲ့အထိ ခရီးရောက်နေတာကိုလည်း စာဖတ်သူအပေါင်း ကောက်ချက်ချနားလည်ကြဖို့လိုအပ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ အမိမြန်မာနိုင်ငံတော်အတွက် ပကတိလိုအပ်ချက်တွေဖြစ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တွေ၊ SCO မှာ ဆွေးနွေးဖက်နိုင်ငံကနေ အဖွဲ့ဝင်နိုင်ငံဖြစ်စေဖို့ ထောက်ခံပေးရေးကိစ္စရပ်တွေ၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်တွေ၊ မန္တလေးမြေလျှင်ကြီးနဲ့ ပတ်သက်တဲ့ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်တွေ၊ စီးပွားရေးစင်္ကြံဆိုင်ရာ စီမံကိန်းကိစ္စရပ်တွေ၊ နိုင်ငံတကာမျက်နှာစာမှာ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေးမှုတွေ၊ မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲအောင်မြင်ရေးဆိုင်ရာကိစ္စရပ်တွေနဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့စေလွှတ်ပေးစေလိုမှု စတဲ့နိုင်ငံရဲ့ပကတိလိုအပ်ချက်တွေကို ပြန်လည်ဆွေးနွေးပြီး သတင်းစကားပါးခဲ့နိုင်တာကို တွေ့မြင်ရပါတယ်။

ခရီးရောက်မဆိုက် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့တဲ့ ဆွေးနွေးပွဲအပြီးရလဒ်ဟာ မိမိ




**မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးပွဲ**

ဆွေးနွေးပွဲကို နိုင်ငံတော်အကြီးအကဲ၊ အကြီးအကဲနဲ့အတူ လိုက်ပါလာတဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွေ၊ နှစ်နိုင်ငံသံအမတ်ကြီးတွေ၊ မြန်မာနိုင်ငံကကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံလိုတဲ့ ပုဂ္ဂိုလ်များနဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေ စီးပွားရေးပညာရှင်တွေတက်ရောက်ခဲ့တာကို တွေ့ရပါတယ်။

ဒီဆွေးနွေးပွဲမှာ နိုင်ငံတော်အကြီးအကဲဟာ မြန်မာ-တရုတ် နှစ်နိုင်ငံကြား လက်ရှိစီးပွားရေးနဲ့ ကုန်သွယ်မှုကဏ္ဍတွေ၊ ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုနဲ့ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တွေ၊ သတ္တုတူးဖော်ရေးကဏ္ဍတွေ၊ EV ကား တပ်ဆင်ထုတ်လုပ်မှုကဏ္ဍတွေ၊ ရေနံနဲ့သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း စတဲ့ကဏ္ဍတွေကိုလည်းဆွေးနွေးခဲ့ပါတယ်။

ကုန်သွယ်မှုမှာအရေးပါတဲ့ နိုင်ငံရဲ့ အရှေ့မြောက်ဒေသတွင်းက မန္တလေး-မူဆယ် မီးရထားလမ်းပိုင်းဆိုင်ရာကိစ္စရပ်တွေကိုထပ်ပြီးဆွေးနွေးချပြခဲ့ပါတယ်။ ဒီလိုဆွေးနွေးရာမှာ နိုင်ငံတော်အကြီးအကဲဟာ ကိုယ့်နိုင်ငံရဲ့ မြေပထဝီရဲ့ ပါတယ်။ ဒါဟာ နိုင်ငံတော်အကြီးအကဲရဲ့ ခြေလှမ်းတိုင်းပေါ်က ပါးနပ်မှုတွေပါပဲ။

ကဏ္ဍစုံဆွေးနွေးမှုတွေကတစ်ဆင့် စာရေးသူတို့နိုင်ငံမှာ ယနေ့ကြုံတွေ့ခံစားနေရတဲ့ လက်နက်ကိုင်သောင်းကျန်းမှုတွေရဲ့ တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ်သွားနိုင်မှုတွေကိုလည်း မှန်းဆမြင်နိုင်ပါတယ်။ ပြီးတဲ့နောက်မှာတော့ နှစ်နိုင်ငံကြား ကဏ္ဍအလိုက်နားလည်မှုစာချွန်လွှာတွေကို အပြန်အလှန်ရေးထိုးခဲ့ကြပါတယ်။


**နိုင်ငံတော်အကြီးအကဲနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E.Mr. Shri Narendra Modi နှင့်တွေ့ဆုံခြင်း**

ညနေ ၅ နာရီမှာ နိုင်ငံတော်အကြီးအကဲအနေနဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr.Shri Narendra Modi နဲ့တွေ့ဆုံခဲ့ပြန်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုမှာတော့ နှစ်နိုင်ငံကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ မြန်မာ- အိန္ဒိယနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်တွေကိုအောင်မြင်စွာဆွေးနွေးနိုင်ခဲ့တာကိုတွေ့ရပြန်ပါတယ်။

ဒါ့အပြင် အိန္ဒိယနိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံမှာကျင်းပမယ့်ရွေးကောက်ပွဲကိုထောက်ခံအားပေးနေမှုနဲ့ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များစေလွှတ်ပေးမှု၊ မြန်မာနိုင်ငံကို SCO အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်စေရေးအတွက်ထောက်ခံအားပေးနေမှုများကို ဆွေးနွေးခဲ့ပါသေးတယ်။ ဒီလိုတွေ့ဆုံနိုင်မှုက နိုင်ငံတော်အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့ သက်ရောက်မှုမျိုးထက် ပိုပါတယ်။

**ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး( Shanghai Cooperation Organisation– SCO SUMMIT 2025 Plus ) စတင်ပြီ**

အစည်းအဝေးပွဲမှာတော့ တရုတ်-မြန်မာ အပါအဝင် အဖွဲ့ဝင်နိုင်ငံတွေ၊ ဆွေးနွေးဖက်နိုင်ငံတွေ၊ အခြားဖိတ်ကြားထားတဲ့ နိုင်ငံတွေ စတဲ့နိုင်ငံပေါင်း ၂၄ နိုင်ငံက နိုင်ငံ့ခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြတာကို စာရေးသူတို့ တွေ့မြင်ခဲ့ရတယ်။





နိုင်ငံတော်အတွက်သာမက နှစ်နိုင်ငံကြား ရင်းနှီးတဲ့ဆက်ဆံရေးကို အစွန့်ရှည်စေခဲ့ပါတယ်။ ဒါ့အပြင် စာရေးသူတို့နိုင်ငံအနေနဲ့ ပြည်တွင်းမှသည် ဒေသတွင်း၊ ထိုမှတစ်ဆင့် နိုင်ငံတကာမျက်နှာစာတိုင် သိက္ခာမြင့်မားစွာ ရပ်တည်နိုင်သည်အထိ ကောင်းမွန်တဲ့ရလဒ်တွေကို ရရှိစေခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခြေလှမ်းတိုင်းဟာ တင့်တယ်ဆဲပေါ့ဗျာ။ ဒါဆိုရင် နိုင်ငံတော်ရဲ့ကဏ္ဍစုံဖွံ့ဖြိုးမှုဆိုတဲ့ ပန်းတွေဖူးပွင့်ချိန်ကို စာရေးသူတို့အားလုံး ယုံကြည်စောင့်မျှော်နေကြရုံပေါ့။

နိုင်ငံတော်အကြီးအကဲရဲ့ တီယန်ကျင်းမြို့ပေါ်က ခြေလှမ်းတွေကို ဆက်လေ့လာကြည့်ပါစို့။

နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးပမာဏဆိုင်ရာအချက်အလက်တွေ၊ နိုင်ငံတွင်းက အဓိကတင်ပို့နေတဲ့ လယ်ယာထွက်ကုန်၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ကုန်ပစ္စည်းတင်ပို့မှုလုပ်ငန်းတွေကို ချပြရှင်းလင်းခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်အကြီးအကဲအနေနဲ့ ကုန်သွယ်မှုကဏ္ဍမှာ အရေးပါတဲ့ မြေပထဝီအရ အရေးပါတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေရဲ့ အရေးပါမှုကဏ္ဍကိုပါ ထည့်သွင်းပြောကြားခဲ့ပါသေးတယ်။

ဒါ့အပြင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဆောင်ရွက်ဆဲဖြစ်တဲ့ ပညာရေးနဲ့ ကျန်းမာ အချက်အချာကျမှုကိုအခြေခံပြီး အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသတွေအတွက် အကျိုးပြုမှုကို ချိန်ထိုးညွှန်းဆိုကာ ပါးနပ်စွာဆွေးနွေးခဲ့တာကိုလည်း ကျွန်တော်တို့တွေ့မြင်ရပါတယ်။

နိုင်ငံကြီးသားပီသတဲ့ စီးပွားရေးလုပ်ငန်းရှင်များပီပီ သူတို့အနေနဲ့လည်းသူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက်အာမခံချက်အပြည့်အဝပေးနိုင်တဲ့အစိုးရနဲ့ သိက္ခာရှိစွာပူးပေါင်းနိုင်ဖို့ဆိုတဲ့ အယူအဆကို တွေ့မြင်သွားစေပါတယ်။ ဒီလိုအစိုးရချင်း ဖိတ်ခေါ်ကမ်းလှမ်းမှုများကသာ မှန်ကန်တဲ့ အကျိုးတူစီးပွားရေးလုပ်ငန်းတွေကို ဖော်ဆောင်ပေးနိုင်တယ်ဆိုတဲ့ အတွေးကောင်းတစ်ခုကို သူတို့ဆီပေးထားနိုင်ခဲ့ပါတယ်။

အစည်းအဝေးရဲ့ အနှစ်သာရကတော့ SCO အဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုနဲ့ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သာယာဝပြောရေးဆိုတဲ့ တူညီတဲ့ဘုံရည်မှန်းချက်ကို ဦးတည်ခဲ့ကြတာပဲဖြစ်ပါတယ်။ အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping က ကနဦးဆွေးနွေးပြောကြားခဲ့ပြီး ဘယ်လာရုစ်နိုင်ငံ၊ အီရန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တာဂျစ္စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊

စာမျက်နှာ ၂၂ သို့

**စာမျက်နှာ ၂၁ မှအဆက်**

အာမေးနီးယားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ မြန်မာနိုင်ငံ၊ တူကီယဲသမ္မတနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ တာ့ခ်မင်နစ္စတန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ စတဲ့နိုင်ငံအသီးသီးက သမ္မတများနဲ့ဝန်ကြီးချုပ်များက အလှည့်ကျဆွေးနွေးခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။

မိမိတို့နိုင်ငံတော်အကြီးအကဲရဲ့ဆွေးနွေးချက်အကျဉ်းအနေနဲ့ ကမ္ဘာကြီးမှာဖြစ်ပေါ်နေတဲ့ အင်အားကြီးနိုင်ငံအချို့ရဲ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးကဏ္ဍတွေမှာ ဖိအားပေးနေတဲ့ကိစ္စရပ်တွေကိုလည်းချပြဆွေးနွေးခဲ့ပါတယ်။ SCO ကတစ်ဆင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်တည်ဆောက်ပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတွေကို ရင်ဆိုင်တုံ့ပြန်နေမှုအခြေအနေများ၊ ဥရောပ-အာရှဒေသများ၏ ခိုင်မြဲသောစည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကို အလေးအနက်ထား ဆွေးနွေးခဲ့ပါတယ်။

ရှန်ဟိုင်းစိတ်ဓာတ်(Shanghai Spirit)ရဲ့ ဦးဆောင်မှုနဲ့အတူ အာရှ-ဥရောပကြား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့သာယာဝပြောရေး၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ဦးတည်ချက်ကို လျှောက်လှမ်းကြဖို့ အကြံပြုဆွေးနွေးခဲ့တာကိုလည်းတွေ့ရပြန်ပါတယ်။ ဆက်လက်ပြီး SCO မူဘောင်များအတွင်းကနေ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ လေးစားမှုများကိုအခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမယ့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားဖို့ကိုလည်း အခိုင်အမာဆွေးနွေးခဲ့ပါတယ်။

**“အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီ-နိုင်ငံရေးအရအချက်အချာကျသည့် နေရာတွင်တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများစွာရှိပါတယ်”**

ဒါဟာ နိုင်ငံတော်အကြီးအကဲရဲ့ SCO ကတစ်ဆင့် တက်ရောက်လာတဲ့ နိုင်ငံပေါင်း ၂၄ နိုင်ငံရဲ့ ခေါင်းဆောင်တွေ၊ ဖိတ်ကြား၍တက်ရောက်သူများ ရှေ့မှောက်မှာတင်ပြခဲ့တဲ့ ဆွေးနွေးချက်တစ်ခုဖြစ်တာကို စာရေးသူတို့တွေ့ရပြန်ပါတယ်၊ ဒီစကားဟာ စာရေးသူမကြာမကြာရေးဖြစ်ပြောဖြစ်နေတဲ့ Heading သို့မဟုတ် အကြောင်းအရာတစ်ခုပါပဲ။ ကိုယ့်နိုင်ငံကဘယ်လိုနိုင်ငံမျိုးလဲ၊ ကိုယ့်နိုင်ငံရဲ့ Brand က ဘာလဲ၊ ကိုယ့်ရဲ့ Product တွေက ဘာတွေလဲ၊ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးရပ်တည်မှု အဓိကမဏ္ဍိုင်က ဘာလဲဆိုတာကို နိုင်ငံတော်အကြီးအကဲက အခါအခွင့်သင့်ချိန်မှာ ချိန်သားကိုက်ချပြနိုင်ခဲ့တာဟာ ကောင်းမွန်တဲ့ဆွေးနွေးချက်တစ်ခုဖြစ်ခဲ့ပါတယ်။

ကိုယ့်နိုင်ငံရဲ့ပိုင်ဆိုင်မှု၊ ကိုယ့်နိုင်ငံရဲ့ Brand ကို ပြောသင့်ချပြသင့်သလောက် ချပြထားခြင်းက ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုတဲ့သဘောလည်းသက်ရောက်ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စိတ်ဝင်စားပြီး မိမိပြည်တွင်းမှာ သတ်မှတ်မူဘောင်များအတိုင်း လာရောက်လုပ်ကိုင်ကြမယ်ဆိုရင် နိုင်ငံတော်ရဲ့ စီးပွားရေးစွမ်းအား၊ လူသားအရင်းအမြစ်ကောင်းများပိုင်ဆိုင်ရေးစွမ်းအား၊ အသိပညာအတတ်ပညာစွမ်းအားနဲ့ နည်းပညာစွမ်းပကားများကလည်း တစ်စတစ်စမြင့်မားတဲ့ရေချိန်တစ်ခုကို ရောက်ရှိလာနိုင်မှာပဲဖြစ်ပါတယ်။

**နိုင်ငံတော်အကြီးအကဲနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Thongloun Sisoulith တို့တွေ့ဆုံဆွေးနွေးခြင်း**

လာအိုသမ္မတနဲ့ တွေ့ဆုံမှုမှာလည်း နိုင်ငံတော်အကြီးအကဲအနေနဲ့ နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်တွေ၊ နှစ်နိုင်ငံအစိုးရချင်းချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မှုအခြေအနေတွေ၊ ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စတဲ့ကဏ္ဍတွေ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမယ့်ကိစ္စတွေ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တွေကို အပြန်အလှန်ဆွေးနွေးခဲ့တာကို ကြားသိခဲ့ရပါတယ်။

ရလဒ်ကတော့ ဆွေးနွေးချက်တွေကို သဘောတူလက်ခံပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ်။ မြန်မာနိုင်ငံမှာ မကြာမီကျင်းပမယ့်ရွေးကောက်ပွဲကိုလည်း ထောက်ခံအားပေးတယ်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေလည်း စေလွှတ်ပေးသွားမယ်ဆိုတဲ့အချက်တွေကို ပိုင်ဆိုင်ခဲ့ပါတယ်။ ဆိုလိုတာက လက်ရှိနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ရဲ့ ပြည်တွင်းပြည်ပ နိုင်ငံ့အရေးဆောင်ရွက်မှုတွေ၊ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်တွေ၊ ငြိမ်းချမ်းရေးလမ်းစဉ်တွေ၊ ကဏ္ဍစုံဖွံ့ဖြိုးရေးဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုထောက်ခံနေတယ်၊ ရွေးကောက်ပွဲကတစ်ဆင့် ပေါ်ပေါက်လာမယ့် အစိုးရသစ်တစ်ရပ်အထိ အသိအမှတ်ပြုထောက်ခံသွားမယ်ဆိုတဲ့ အခြေအနေအထိ ခရီးပေါက်ခဲ့တာကို ခန့်မှန်းတွက်ဆနိုင်ပါတယ်။

ဆက်လက်ပြီး တီယန်ကျင်းမြို့မှာရှိတဲ့ တီယန်ကျင်းဆိပ်ကမ်းကိုလည်း နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့က သွားရောက်လေ့လာခဲ့ပါသေးတယ်။ ဒီဆိပ်ကမ်းမှာ ထူးခြားတဲ့ စွမ်းဆောင်ရည်ကတော့ AI နည်းပညာနဲ့ ဆိပ်ကမ်းရဲ့လုပ်ငန်းတွေကိုဆောင်ရွက်နေခြင်းပါပဲ။ တရုတ်နိုင်ငံဟာ AI နဲ့ပတ်သက်ရင် ခရီးရှည်တစ်ခုအထိရောက်နေပြီဆိုတာကို နိုင်ငံတော်အကြီးအကဲအနေနဲ့ တွေ့မြင်ခဲ့ရပါတယ်။ ဒါ့ကြောင့်လည်း ခရီးစဉ်အပြန်လေယာဉ်ပေါ်မှာ အင်တာဗျူးဖြေတဲ့အချိန် တရုတ်နိုင်ငံရဲ့ AI နည်းပညာတိုးတက်မှုကို ထုတ်ဖော်ချီးကျူးခဲ့တာပဲဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အကြီးအကဲဟာ ကိုယ်စားလှယ်အဖွဲ့တွေနဲ့ တီယန်ကျင်းမြို့မှာရှိတဲ့ ဝူဟန်တက္ကသိုလ်ကိုသွားရောက်လေ့လာခဲ့ပါသေးတယ်။ ဝူဟန်တက္ကသိုလ်က ဒုတိယအဓိပတိနဲ့တွေ့ဆုံခဲ့တယ်။ တွေ့ဆုံပြီး ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်တွေ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်ဖို့ ဝူဟန်တက္ကသိုလ်အနေနဲ့ ကူညီဆောင်ရွက်ပေးနိုင်မှုတွေ၊ နိုင်ငံတကာမှကျောင်းသား၊ ကျောင်းသူများပညာသင်ကြားလျက်ရှိမှုအခြေအနေတွေ၊ နှစ်နိုင်ငံအကြားနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။

ကိုယ့်နိုင်ငံရဲ့ နည်းပညာပိုင်းဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုအလေးထားတတ်တဲ့ အကြီးအကဲရဲ့ရင်တွင်းဆန္ဒတစ်စုံကို ပြည်တွင်း၊ ပြည်ပခရီးစဉ်တိုင်းက သက်သေညွှန်းဆိုနေပါတယ်။ မိဘတွေအပြင်ထွက်တိုင်း **“ဒီအစားအစာလေးက ငါ့သား၊ ငါ့သမီးလေးတွေကြိုက်မှာပဲ၊ ဒီအဝတ်လေးက ငါ့သား၊ ငါ့သမီးလေးနဲ့ဆိုလှမှာပဲ”** ဆိုတဲ့ အတွေး၊ စကားကို မိဘတိုင်း တွေးဖူး၊ ပြောဖူးကြမှာပါ။ **စာရေးသူတို့ နိုင်ငံတော်အကြီးအကဲကလည်း လူသားထဲကလူ၊ မိဘထဲကမိဘပေမို့ ဒီဆန္ဒမွန်လေးကလည်း ရိုးရှင်းပြီး မွန်မြတ်တယ်လို့ ဆိုရမှာပါပဲ။ မြင်အောင်ကြည့်၊ သိအောင်တွေးပြီး ခေါင်းညိတ်ချိန်တန်ရင် ခေါင်းညိတ်လိုက်ဖို့ တိုက်တွန်းလိုပါတယ်။**

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ တီယန်ကျင်းကနေ ဖိတ်ကြားထားတဲ့ မြို့တော်တွေဆီ ခရီးဆက်ကြဦးမှာပါ။ ဒီခရီးစဉ်တစ်ဖြတ်ကိုကြည့်ရင် နိုင်ငံတော်အကြီးအကဲရဲ့ လှမ်းတဲ့ခြေလှမ်းတိုင်း တင့်တယ်ခဲ့ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အလမ်းတွေ ပိုင်ဆိုင်ခဲ့တယ်။ သို့သော် တချို့သောရလဒ်တွေမှာ ကိုယ့်နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေ ကြိုးစားရမယ့်အပိုင်းလေးတွေကလည်း ယှဉ်တွဲပါလာပြန်ပါတယ်။ ခေတ်မီချင်တယ်ဆိုတာကို ပါးစပ်ကအတန်တန်အော်မြည်နေရုံသက်သက်မရပါ။ ခေတ်မီမီအဆင့်အတန်းမြင့်မြင့်နေချင်ရုံသက်သက် မဖြစ်နိုင်ပါ။ ခေတ်မီချင်ရင် အသိပညာ၊ အတတ်ပညာရှင်တွေဖြစ်အောင် တစ်ဖက်တစ်လမ်းက ကြိုးစားရမယ်ဆိုတဲ့အသိကိုလည်းသိကြရမှာပါ။

အစိုးရနဲ့ပြည်သူ တွဲလက်ညီမှသာ နိုင်ငံတော်အစိုးရရဲ့ လှမ်းတဲ့ခြေလှမ်းတိုင်းဟာ ကမ္ဘာမှာတင့်တယ်မှာဖြစ်ပြီး နိုင်ငံ၊ လူမျိုးတွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေကလည်း ပန်းတွေလိုပွင့်နိုင်ကြမှာပါလို့ စာပန်းချီခြယ်မှုန်းရေးသားလိုက်ရပါတယ်။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် သင်တန်းသားတစ်ဦးကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ထံမှ ၁၁ ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ ၌ "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"ဟု အတိအလင်းပြဋ္ဌာန်းထားရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် ၅/၂၀၀၅ ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို ၂၁-၁၂-၂၀၁၆ မှစတင်ပြီး ပြောင်းလဲလာသောလူကုန်ကူးမှုပုံစံများ၊ နိုင်ငံတကာစံနှုန်းများနှင့်ချိန်ညှိ၍ ပြင်ဆင်ရေးဆွဲခဲ့ရာ ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယခုအခါ ၁၁ ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

အဆိုပါဥပဒေအသစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့နှင့် အခြားလိုအပ်သည့်လုပ်ငန်းကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပထမငါးနှစ်စီမံကိန်း(၂၀၀၇-၂၀၁၁)၊ ဒုတိယငါးနှစ်စီမံကိန်း(၂၀၁၂-၂၀၁၆)၊ တတိယငါးနှစ်စီမံကိန်း(၂၀၁၇-၂၀၂၁)များနှင့် နှစ်အလိုက်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပြီး လက်ရှိတွင် စတုတ္ထငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၆) ၏ စတုတ္ထနှစ်ဖြစ်သည့် ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုး၍လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children-ACTIP)၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking COMMIT)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC)၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘာလီလုပ်ငန်းစဉ် (Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime-Bali Process) နှင့် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Integrated Law Enforcement and Security Cooperation Center-LMLECC)တို့တွင် ပူးပေါင်းပါဝင်၍လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးခံရခြင်းသည် ဆင်းရဲခြင်း၊ ပညာရေးအခြေအနေ နိမ့်ကျခြင်း၊ ဗဟုသုတနည်းပါးခြင်း စသည့် အခြေခံအချက်အလက်အချို့မျှသာမကဘဲ အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရန် ပညာရေးစရိတ်လိုအပ်ခြင်း၊ မိသားစုအတွက် များပြားသည့်ဝင်ငွေရရှိလိုခြင်း၊ ပိုမိုမြင့်မားသော လူနေမှုဘဝကို မျှော်မှန်းခြင်း၊ လက်ရှိအခြေအနေအပေါ်တွင် စိတ်ကျေနပ်မှုမရှိခြင်း၊ အောင်မြင်မှုရသည့်ဘဝများကို အားကျခြင်း စသည့် အရင်းခံအကြောင်းအရာများစွာရှိနေပါသည်။

လက်ရှိမြန်မာအမျိုးသမီးများကို မိမိနိုင်ငံအတွင်းသို့ လာရောက်စည်းရုံးကာ အယောင်ပြလက်ထပ်ပြီး ပြည်ပနိုင်ငံများသို့ ခေါ်ထုတ်သည်အထိ အတင့်ရဲလာသော လူကုန်ကူးမှုများကိုဖော်ထုတ်ရရှိနေပြီး မြန်မာအမျိုးသမီးများနှင့် ပြည်ပနိုင်ငံခြားသားများ ထိမ်းမြားလက်ထပ်ရန် ဆောင်ရွက်ပေးကြသူများနှင့် ဥပဒေကို လက်တစ်လုံးခြားလုပ်နေသူများကိုလည်း ဖော်ထုတ် အရေးယူလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်းအထိ လက်ထပ်ရန် လာရောက်စည်းရုံးခဲ့သည့် ဖြစ်စဉ်များနှင့်အတူ Online မှတစ်ဆင့် လိင်ပိုင်းဆိုင်ရာထုတ်လွှင့်ပြသရန် စည်းရုံးသိမ်းသွင်းခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံခြားသားများနှင့်လက်ထပ်သည့် မြန်မာအမျိုးသမီးများ လူကုန်ကူးခံရမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းစဉ်အဆိုပြုချက်များချမှတ်ပြီး ၂၀၂၅ ခုနှစ် မတ်လမှစ၍ ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်တွင် အဓိကအားဖြင့် သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း စသည့်အချက် သုံးချက်ပါဝင်ပြီး မြန်မာအမျိုးသမီးများကို အတုအယောင်ထိမ်းမြားလက်ထပ်သော လူကုန်ကူးမှုများကို တိုက်ဖျက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှုများသည် ခေတ်စနစ်အလိုက်အခြေအနေများနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုတို့အပေါ်လိုက်ပါပြီး ပုံစံပြောင်းလဲလာသည်ကို ဂရုပြုကြရမည်ဖြစ်ပြီး လက်ရှိအွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုတို့ပြုလုပ်ကြသော Online Scam လုပ်ငန်းများသည် လူသစ်စုဆောင်းရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများအဖြစ် အွန်လိုင်းမှတစ်ဆင့် လစာအမြောက်အမြားရရှိမည့်အသွင်ဖြင့် မက်လုံးပေးစည်းရုံးခေါ်ဆောင်လာခဲ့ကြပါသည်။ နိုင်ငံအများအပြားမှ အိုင်တီနည်းပညာကျွမ်းကျင်သူများအပါအဝင် ပညာတတ်အများအပြားတို့ စုဆောင်းခံခဲ့ကြရပြီး အွန်လိုင်းမှတစ်ဆင့် မက်လုံးပေးလိမ်လည်မှုများအပေါ် ယုံကြည်မှုလွန်ကဲခြင်းကြောင့် လူကုန်ကူးမှုကျူးလွန်ခြင်းခံနေကြရပါသည်။ လူကုန်ကူးသူများသည် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေကြသော လူမှုကွန်ရက်မီဒီယာများကိုအသုံးပြုကာ လိမ်လည်မှုအမျိုးမျိုးပြုလုပ်နေကြရာတွင် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ အချိန်မရွေး သားကောင်ဘဝကျရောက်သွားနိုင်သဖြင့် "No one is immune to trafficking"ဟူ၍ ပြောကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျူးလွန်လေ့ရှိသည့်အွန်လိုင်းလိမ်လည်မှုပုံစံ ကိုးမျိုးတွေ့ရှိရပြီး အဓိကအားဖြင့် ငွေကြေးဆိုင်ရာနှင့် တိုက်ရိုက်ပတ်သက်နေပြီး ပစ်မှတ်များမှာ ငွေကြေးချမ်းသာကြွယ်ဝသောနိုင်ငံများကို အဓိကဦးတည်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ မိမိနိုင်ငံတွင်းက ပြည်သူများသည်လည်း လိမ်လည်မှု၏သားကောင်ဖြစ်နေကြပြီး အဆိုပါအွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် အတင်းအကျပ်ဖိအားပေးစေခိုင်းခံနေရသည့် Victim များတွင် နိုင်ငံအသီးသီးမှ ပညာတတ်လူငယ်များပါရှိနေသည်ကို တွေ့ရသည့်အပြင် မြန်မာနိုင်ငံမှ လူငယ်အချို့သည်လည်း အာဆီယံဒေသတွင်း နိုင်ငံအချို့တွင် Victim အဖြစ် ရောက်ရှိနေကြပါသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုပြဿနာများနှင့် စပ်လျဉ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများတွင် လူကုန်ကူးမှုပိုမိုဖြစ်ပွားသည်ဟူ၍လည်းကောင်း၊ ဆင်းရဲ၍ ပညာရည်နိမ့်ပါးသူများသာ လူကုန်ကူးမှုကို ခံကြရသည်ဟူ၍လည်းကောင်း ယေဘုယျအားဖြင့် ရှုမြင်ကြပါသည်။ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာသည့်နိုင်ငံများသည်လည်း လူကုန်ကူးမှုပြဿနာနှင့် မကင်းသည့်အပြင် လူကုန်ကူးခံရသူများတွင် ပညာတတ်များလည်း ပါဝင်လျက်ရှိရာ လူကုန်ကူးမှုသည် အခြားမမျှော်မှန်းနိုင်သောအကြောင်းများအပေါ် အခြေခံလျက်ရှိပါသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွယ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီရေးဆွဲခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှစ၍ Pilot Project အနေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပြစ်မှုကျူးလွန်သူများသည် တိုးတက်လာသော နည်းပညာများကို အခြေခံကာ စနစ်တကျဂိုဏ်းဖွဲ့ပြီး လမ်းကြောင်းပုံစံသစ်များဖြင့် ပြောင်းလဲကျူးလွန်လာသည့်အတွက် ထိရောက်စွာတားဆီးထိန်းချုပ်ခြင်း၊ ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် ကျူးလွန်သူများကို ပြင်းထန်ထိရောက်သည့် အပြစ်ပေးအရေးယူမှုများပြုခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းများ၏ အားနည်းချက်၊ အားသာချက်များ၊ နည်းပညာတိုးတက်မှု၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံသစ်များ၊ လမ်းကြောင်းများ၊ နိုင်ငံတကာတွင် ကျင့်သုံးနေသော အလေ့အထများအပေါ်အခြေခံ၍ ပြည်တွင်းရှိသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။


လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အထူးသဖြင့် လူကုန်ကူးခံရသူ အမျိုးသမီးနှင့် ကလေးသူငယ်များကို အလေးဂရုပြု၍ အကာအကွယ်နှင့် အကူအညီပေးခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများလျော့နည်းပပျောက်စေခြင်း၊ လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ဗဟိုအဖွဲ့၏ ဦးဆောင်မှု၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၅ ခုနှစ် ၁၁ ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့"** ဆိုသည့်အတိုင်း မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်းနှင့်ပတ်သက်သော ခေါင်းပုံဖြတ်မှုများအား အဆုံးသတ်နိုင်ရေးအတွက် ပြည်သူလူထု၏သတင်းပေးကူညီမှုများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူကုန်ကူးမှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ကာ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ခြင်းအားဖြင့် လူကုန်ကူးမှုများကို အောင်မြင်စွာတားဆီးကာကွယ်တိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နှင့် ၇ ရက်တို့တွင် ရွှေပြည်သာမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်တို့၌ မလေးရှားနိုင်ငံနှင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်တရားခံ အခြေပြဇယား



ဖြစ်စဉ်တွင် တရားခံ ကျား ၁၆ ဦး၊ မော်တော်ယာဉ် ငါးစီး၊ ICE ကီလိုဂရမ် ၄၄၄၀၊ ကက်တမင်း ကီလိုဂရမ် ၁၁၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူ ၁၄ ကီလိုဂရမ်(ကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်) ကို ဖမ်းဆီးရမိခဲ့။

❖ ဖမ်းဆီးရမိမှု

မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းဝယ်လျက်ရှိသည့် သောင်းကျန်းသူအဖွဲ့များနှင့် မူးယစ်ဂိုဏ်းများသည် ရေလမ်းကြောင်း၏ အားသာချက်များကိုအသုံးချကာ ရေလမ်းကြောင်းများမှတစ်ဆင့် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်လာကြသည်ကို တွေ့ရှိရသည်။

AA သောင်းကျန်းသူအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကိုပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၅)ရပ်ကွက် အမှတ်(၄) လမ်းမကြီးရှိ အမှတ် ၇(က)/၂ ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နေ AA သောင်းကျန်းသူအဖွဲ့မှထောက်ပံ့ရေးဒုတိယတာဝန်ခံအဆင့်ရှိ မူးယစ်ဆေးဝါးတရားခံ ထွန်းထွန်းနိုင်နှင့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးအဖွဲ့ဝင် အေးသန်းထွန်းတို့အပါအဝင် မူးယစ်ဆေးဝါး တရားခံများဖြစ်သည့် အားလျှံ (ခ)ဝမ်ရှင်းလျှံ၊ ထွန်းထွန်းနိုင်(ခ) အယ်လ်တီ၊ အေးမြင့်နှင့် လင်းမင်းထက်တို့ ခြောက်ဦးကို ICE ကီလိုဂရမ် ၁၈၄၀၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ်၊ Mitsubishi Canter (အဖြူရောင်)ယာဉ်တစ်စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၂၂) ရပ်ကွက် မြို့ပတ်လမ်းရှိ ခြံဝင်းအတွင်း၌ တရားခံ ဇော်ဦး(ခ) ရာဂျူးနှင့် ရဲလင်းအောင်(ခ)ဂျိုးဇက်တို့ကို ICE ကီလိုဂရမ် ၁၅၀၀၊ Mark II(ခဲရောင်) ယာဉ်တစ်စီး၊ I-Zone Express(ခဲရောင်) ယာဉ် တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၃) ရပ်ကွက် အမှတ်(၄)လမ်းမကြီးပေါ်ရှိ Denko ဆီဆိုင်အနီးတွင် တရားခံ အောင်ခိုင်မိုးနှင့် ရဲကိုခိုင်တို့နှစ်ဦးကို Toyoace (အပြာရောင်)ယာဉ်ပေါ်တွင် တင်ဆောင်ထားသည့် ICE ကီလိုဂရမ် ၁၁၀၀၊ ကက်တမင်း ကီလိုဂရမ် ၁၁၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ရှေ့ပြေးအဖြစ်လိုက်ပါလာသည့် AA သောင်းကျန်းသူအဖွဲ့ ထောက်ပံ့ရေးအဖွဲ့ဝင် ဝင်းနိုင်ဆန်း၊ ရေကြောင်းမှသယ်ဆောင်နိုင်ရန် စက်လှေရှာဖွေပေးမည့်သူ တရားခံ ဇော်မျိုး၊ မောင်မောင်စိုးတို့ကို Toyota Probox (အဖြူရောင်)ယာဉ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းနိုင်ဆန်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် စက်လှေရှာဖွေပေးသူ မျိုးမင်းထိုက်(ခ) နိုအာလမ်အား ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၁၀)မြောက်ရပ်ကွက်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးတင်ဆောင်မည့် စက်လှေများကို စောင့်ကြည့်ပေးသည့် စိုးမင်းအောင်နှင့် မင်းတင်ထက်တို့ကို ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်လမ်းရှိ CENTRAL ဟိုတယ် အခန်းအမှတ်(၄၁၀) တွင်လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်၍ ဖြစ်စဉ်တွင် မူးယစ်ဆေးဝါးတရားခံ ၁၆ ဦးတို့ကို ICE ကီလိုဂရမ် ၄၄၄၀၊ ကက်တမင်း ကီလိုဂရမ် ၁၁၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ် (မူးယစ်ဆေးဝါးကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)နှင့် မော်တော်ယာဉ်ငါးစီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးဒုတိယတာဝန်ခံအဆင့်ရှိ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့အဖွဲ့ရပ်တည်နိုင်ရေးနှင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သောငွေကြေးများရရှိနိုင်ရန် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကိုကျယ်ပြန့်စွာလုပ်ကိုင်လျက်ရှိကြောင်း၊ ယခု ၎င်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည့်မူးယစ်ဆေးဝါးများကိုလည်း AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံအဆင့်ရှိဖမ်းဆီးရန်ကျန် တရားခံမင်းမြတ်ကျော်(ခ)သာခု၏ စေခိုင်းမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် တရားခံ ရန်ကုလားထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန်တရားခံများနှင့် ဆက်စပ်တရားခံများကိုဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့်ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် တရားမဝင် တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ ဒသမ ၅ တန် ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၂

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီးတွင် ဇေယျာလင်း၊ ရှိုင်းဝဏ္ဏအောင်၊ လင်းပိုင်ဖြိုး၊ အိုက်စွမ်၊ စိုင်းထွန်းတို့ ငါးဦးကို ကဖင်း ၂ ဒသမ ၅ တန် (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀၀)၊ NISSAN DIESEL ၁၂ ဘီးယာဉ် တစ်စီး၊ REVO ယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဖမ်းဆီးရမိကဖင်းများကိုသယ်ဆောင်ခိုင်းသူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ခုတ်ဝကျေးရွာနေ ဝင်းထွန်း၏နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး နေအိမ်မှအိုက်စ်(မက်သ်အဖက်တမင်း) တစ်ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀) ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ





ပြစ်မှုကျူးလွန်သူ လင်းပိုင်ဖြိုး၊ အိုက်စွမ်၊ စိုင်းထွန်း၊ ရှိုင်းဝဏ္ဏအောင်၊ ဇေယျာလင်းတို့ကို ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများ၏ ပိုင်ရှင်ဖြစ်သူ တာချီလိတ်မြို့နယ် လွန်ကျိုင်းကျေးရွာနေ အိုက်မုန်း(ခ) အိုက်နန်မုန့်(ဖမ်းဆီးရန်ကျန်)သည် မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ကြောင်းမှ တစ်ဆင့် တာချီလိတ်မြို့နယ်အတွင်းသို့ တရားမဝင် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

## ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်တောင်ပိုင်းကမ်းလွန်-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် နှစ်ရက်အတွင်း ဩရိသပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



# တားဆီးကာကွယ် လူကုန်ကူးမှုအန္တရာယ်

**ကျော်တင့်(ရွှေခရမ်း)**

> ❖ နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုအန္တရာယ်ကို ထိရောက်သောဥပဒေမူဘောင်များဖြင့် ထိန်းချုပ်ကာကွယ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး နိုင်ငံတော်အတွက် တန်ဖိုးကြီးမားလှသည့် လူသားအရင်းအမြစ် ပြုန်းတီးစေသည့်အန္တရာယ်ကို အဆုံးသတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အတူ ပြည်သူများကလည်း လူကုန်ကူးခံရသဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသူများကို စာနာနားလည်ခြင်းဖြင့် ဘဝခွန်အားများပြန်လည်ရရှိအောင် ကူညီစောင့်ရှောက်၍ ဘဝရပ်တည်ရေးခိုင်မာစေရန် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။❖

နှစ်စဉ် စက်တင်ဘာ ၁၃ ရက်သည် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ "လူကုန်ကူးမှု တိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့" ဖြစ်သည်။ လူကုန်ကူးခြင်းသည် လူလူချင်းလိမ်လည်လှည့်ဖြားပြီး အမြတ်ထုတ်ခေါင်းပုံဖြတ်သည့် ရာဇဝတ်မှုဖြစ်ကာ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် မြန်မာစသည့်နိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုများကို အတင်းအကျပ်ကျူးလွန်စေသည့် လုပ်အားခေါင်းပုံဖြတ်သော လူကုန်ကူးမှုများသည် ပုံစံသစ်အဖြစ် တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ လူကုန်ကူးခံရနိုင်ခြေအန္တရာယ်အများဆုံးသည် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လမ်းပေါ်နေထိုင်သူများ၊ လမ်းပျော်များ၊ ဆယ်ကျော်သက် ကျားမ လူငယ်လူရွယ်များ စသည့်လူမှုအသိုင်းအဝိုင်းများဖြစ်သည်။ လူကုန်ကူးမှုသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းကို ထိခိုက်ပျက်စီးစေရုံသာမက အသက်အိုးအိမ်စည်းစိမ်ကိုပါ များစွာထိခိုက်စေလျက်ရှိသည်။

လူကုန်ကူးခြင်းဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ လူအများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းတို့ကို ဆိုလိုသည်။ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းသည် လူကုန်ကူးမှုမြောက်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၁/၂၀၂၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေတွင် ဖော်ပြထားပါသည်။

နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှုများ အဓိကဖြစ်ပွားလျက်ရှိသည်။ ပြည်ပလူကုန်ကူးမှုအနေဖြင့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှု၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေမှု၊ အဓမ္မမွေးစားမှု၊ အငှားကိုယ်ဝန်ဆောင်ခိုင်းမှု၊ ကလေးရောင်းစားမှုနှင့် အဓမ္မတောင်းရမ်းစေခိုင်းမှုများ ဖြစ်ပွားလျက်ရှိသည်။ နည်းပညာသည် လူကုန်ကူးမှုတားဆီးရေးတွင် အထောက်အကူဖြစ်နိုင်သကဲ့သို့ မသမာသူ လူပွဲစားများအတွက်လည်း အခွင့်အရေးကောင်းကြီးတစ်ခု ဖြစ်နေပေသည်။ လူကုန်ကူးသူများသည်လည်း အွန်လိုင်းဒစ်ဂျစ်တယ် ပလက်ဖောင်းများကို အသုံးချပြီး လိင်ကိစ္စတွင်အသုံးချရန် ကလေးသူငယ်များကို မြှူဆွယ်ခြင်း၊ အွန်လိုင်းတွင် ကြော်ငြာအတုများဖန်တီး၍ လိမ်လည်လှည့်ဖြားခြင်း၊ အလုပ်အကိုင်အတုများဖန်တီး၍ အွန်လိုင်းတွင် ကြော်ငြာမက်လုံးပေးကာ ဖမ်းဆီးချုပ်နှောင်စေခိုင်းခြင်းတို့ကို ကျူးလွန်လျက်ရှိကြသည်။ ကလေးသူငယ်များသည် လောကအတွေ့အကြုံနှင့် ဉာဏ်ရည်ရင့်ကျက်မှု အားနည်းခြင်းကြောင့် အသက်မပြည့်သေးသော ကလေးငယ်များကို စီးပွားဖြစ်လိင်လုပ်ငန်းများတွင် အတင်းအကျပ် လူကုန်ကူးခိုင်းစေနေကြပြီး လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်မှုများ ရှိနေကြောင်း သိရသည်။

မြန်မာအမျိုးသမီးတချို့ကို အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက လိမ်လည်ပို့ဆောင်ခြင်း၊ အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ အိမ်ရှင်များက နှိပ်စက်ညှဉ်းပန်းခြင်း၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သဖြင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရခြင်းကိုလည်း ကြားသိနေရသည်။

မြန်မာနိုင်ငံအတွင်းရှိ လူငယ်တချို့သည် ပြည်ပတွင် လစာအခွင့်အလမ်းကောင်းများ ရရှိနိုင်သည်ဆိုသော မသမာသူလူပွဲစားများ၏ သွေးဆောင်ဖြားယောင်းမှုကြောင့် ပြည်ပသို့ တရားမဝင် (အရပ်အခေါ်အောက်လမ်းမှ) ထွက်ခွာကြပြီး ပုံစံအမျိုးမျိုးဖြင့် လူကုန်ကူးခံနေရကာ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ ပင်လယ်ငါးဖမ်းလှေများတွင် လုပ်သားအဖြစ် အတင်းအကျပ်စေခိုင်းခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ ကြွေးမြီနှောင်ဖွဲ့ခိုင်းစေခြင်းတို့ကို တွေ့ရပေသည်။

နိုင်ငံတော်အနေဖြင့် မြန်မာအလုပ်သမားများ အများဆုံးသွားရောက် အလုပ်လုပ်ကိုင်ကြသည့် နိုင်ငံများတွင် အလုပ်သမားသံအရာရှိများကိုခန့်အပ်ထားပြီး ပြည်ပရောက်မြန်မာအလုပ်သမားများ၏ အရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၌ အွန်လိုင်းလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစား (Online Gambling)များ တရားမဝင်ဖွင့်လှစ်လုပ်ကိုင်လာလျက်ရှိရာ အဆိုပါလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ် ခိုင်းစေခံရသူများကို ကယ်တင်၍ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime–UNTOC) နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသောလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများကို မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling Of Migrants by Land, Sea and Air) တို့ကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP) ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်းပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို အားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်ငါးနှစ် စီမံကိန်းများကို ၂၀၀၇ ခုနှစ်မှ စတင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စတုတ္ထ(၅)နှစ် စီမံကိန်း(၂၀၂၂-၂၀၂၆)ကိုရေးဆွဲပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကဏ္ဍတွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်ပြည်သူလူထုကို လူကုန်ကူးမှုအသိပညာပေးမှုခင်းသတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများ ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်း၊ Hot Line ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုသတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အတွက် ရည်ရွယ်ချက်(၄)ရပ်မှာ -

(က) လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။

(ခ) လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

(ဂ) လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။

(ဃ) လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုအန္တရာယ်ကို ထိရောက်သောဥပဒေမူဘောင်များဖြင့် ထိန်းချုပ်ကာကွယ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး နိုင်ငံတော်အတွက် တန်ဖိုးကြီးမားလှသည့် လူသားအရင်းအမြစ်ပြုန်းတီးစေသည့်အန္တရာယ်ကို အဆုံးသတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အတူ ပြည်သူများကလည်း လူကုန်ကူးခံရသဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသူများကို စာနာနားလည်ခြင်းဖြင့် ဘဝခွန်အားများပြန်လည်ရရှိအောင် ကူညီစောင့်ရှောက်၍ ဘဝရပ်တည်ရေးခိုင်မာစေရန် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် လူပွဲစားများ၏ အလိမ်အညာမက်လုံးများကို ယုံကြည်၍ လောဘနောက်လိုက်ကာ တရားမဝင်နည်းလမ်းများဖြင့် ပြည်ပနိုင်ငံများသို့သွားရောက်ပြီးခါမှ ငါးစာချိတ်ထားသည့် ငါးမျှားချိတ်ဖြစ်မှန်းသိရပြီး ခလုတ်ထိမှအမိတ၊ နှောင်းမှနောင်တမရရန် လိုပေသည်။ အသိနှင့်သတိယှဉ်တွဲကာ ဆင်ခြင်ရန်လိုအပ်ပြီး အွန်လိုင်းဆိုရှယ်မီဒီယာများ အသုံးပြုရာတွင် အမှန်နှင့်အမှားကို ခွဲခြားသိမြင်နိုင်စေရန် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူသားအရင်းအမြစ်သည် အလွန်အရေးပါသည့်အတွက် လူကုန်ကူးမှုအန္တရာယ်ကို ပပျောက်စေရန်အတွက် နိုင်ငံတော်အစိုးရ၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ပူးပေါင်းခြင်းဖြင့် လူကုန်ကူးမှုအန္တရာယ်ဆိုးကြီး ချုပ်ငြိမ်းဇာတ်သိမ်းအောင် တိုက်ဖျက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့အလင်းသတင်းစာ**
- **ကြေးမုံသတင်းစာ**
- **www.moi.gov.mm/ www.moha.gov.mm**

# ရွှေဘိုခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၄၄၆၀ စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ကေ ၄၄၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးရန်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၄ ကေ၊ ခင်ဦးမြို့နယ်တွင် ၆၄၁ ကေ၊ ဝက်လက်မြို့နယ်တွင် ကေ ၂၂၆၀၊ ကျောက်မြောင်း မြို့နယ်ခွဲတွင် ၁၀၁၅ ကေ စုစုပေါင်း ကေ ၄၄၆၀ တို့ဖြစ်ကြောင်း၊ ထောပတ်ပဲ စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲကေ ၄၄၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသလို အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ဝိုင်းထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝိုင်းထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဝိုင်းထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင် ကျေးရွာစီမံကိန်း ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုသူ ၁၂ ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုသက်

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဩဂုတ်လအတွင်း ကျားကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကျားကဏန်း ပိဿာချိန် ၅၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် ၇၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ထဲကို ပုံမှန်တင်ပို့ ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းကျားကဏန်း ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး စျေးနှုန်းအပြောင်းအလဲရှိပါတယ်။လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ ကျားကဏန်းတွေကို ဒေသစျေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်''ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ဌေးဌေးကပြောပြသည်။



ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ်၁၉၅၀၀၊ အကြီးတစ်ပိဿာလျှင်ငွေကျပ် ၂၈၅၀၀မှ၃၃၅၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ စျေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါကျားကဏန်းများ ပုံမှန်တင်ပို့ ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ကိုင်ကြသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# သာစည်မြို့နယ် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဆည်ကြီးမြောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ကို ငွေကျပ် ၂၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ကို ငွေကျပ် ၂၅ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၇သန်းထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ် ဘုံလုံချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုံလုံချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘုံလုံချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုလှိုင်

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းပြီး လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီသေဆုံးသူ ၅၄၀၀ ကျော်ရှိ



အော့တဝါ စက်တင်ဘာ ၁၂

ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းပြီးလေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီသေဆုံးမှုကို ကနေဒါသုတေသီများက စစ်တမ်းကောက်ယူခဲ့ရာ သေဆုံးသူ ဦးရေ ၅၄၀၀ ကျော်ရှိကြောင်း စက်တင်ဘာ ၁၁ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သုတေသနရလဒ်အရ ၂၀၂၃ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုနှင့်ဆက်စပ်သည့် လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူ ဦးရေ ၅၄၀၀ ကျော်ရှိခဲ့ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ မကြာခဏဖြစ်ပေါ်နေခြင်းဖြစ်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ရာသီဥတုဖောက်ပြန်မှုကိုထိန်းချုပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ်အခြေစိုက် School of Population and Public Health at the University မှ ပါမောက္ခ မိုက်ကယ်ဘရူအာက ပြောကြားခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုတွေကြောင့် တောမီးလောင်ကျွမ်းမှုတွေ နှစ်စဉ်နှစ်တိုင်းဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောပြုန်းတီးလာပြီးတော့ ရာသီဥတုဖောက်ပြန်မှုတွေ ပိုပြီးတော့ဆိုးရွားလာတယ်။ တောမီး လောင်ကျွမ်းမှုကြောင့် လေထုညစ်ညမ်းမှုတွေလဲ ပိုပြီးတော့ဆိုးရွားလာတယ်။ လေထုညစ်ညမ်းမှုနဲ့ ဆက်စပ်ပြီးတော့ သုတေသနပြုလုပ်ခဲ့ရာမှာ ၂၀၂၃ ခုနှစ်အတွင်း လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီသေဆုံးသူ အယောက် ၅၄၀၀ ကျော် ရှိခဲ့ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူ အယောက် ၈၂၀၀၀ ထိ ရှိခဲ့တယ်လို့ သိရတယ်။ ဒီလို မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေမဖြစ်စေဖို့အတွက် ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်သွားသင့်ပါတယ်"ဟု ပါမောက္ခ မိုက်ကယ်ဘရူအာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အနောက်ဘက်ပိုင်းတွင် မိုးခေါင်ရေရှားပါးမှုဖြင့် ရင်ဆိုင်နေရသည့်နယ်မြေ ပိုမိုများပြားလာ

ဝါရှင်တန် စက်တင်ဘာ ၁၂

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အနောက်ဘက်ပိုင်းတွင် ယခုနှစ် နွေရာသီမှစ၍ မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် နယ်မြေဒေသ ပိုမိုများပြားလာကြောင်း U.S. Drought Monitor က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် ယခုနှစ်အတွင်း အပူချိန်မြင့်မားခဲ့ပြီး အပူချိန်အမြင့်မားဆုံးသော ပြည်နယ်များတွင် ကော်လိုရာဒိုပြည်နယ်လည်းပါဝင်နေပြီး အထူးသဖြင့် ကော်လိုရာဒိုပြည်နယ် အနောက်ဘက်ပိုင်းဒေသများသည် အပူချိန်အမြင့်မားဆုံးဖြစ်ပေါ်ခဲ့ပြီး မိုးခေါင်မှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရကြောင်း၊ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီများကလည်း ကော်လိုရာဒိုပြည်နယ်တွင် ပြီးခဲ့သော မေလမှစ၍ ရင်ဆိုင်လာရသည့် မိုးခေါင်မှုနှင့်ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာတွင် ပြည်နယ်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းထိ မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း သုတေသနရလဒ်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။

"အခုနှစ် မေလကနေ စတင်ပြီးတော့ ကော်လိုရာဒိုပြည်နယ်မှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်လာခဲ့ရတယ်။ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဒေသအများစုကတော့ ကော်လိုရာဒိုပြည်နယ် အနောက်ဘက်ပိုင်း ဒေသတွေပဲ ဖြစ်ပါတယ်။ လက်ရှိ ရင်ဆိုင်နေရတဲ့မိုးခေါင်မှုပြဿနာက နှစ်ပေါင်း ၂၀ မှာ တစ်ကြိမ်လောက်ပဲဖြစ်နိုင်တဲ့ မိုးခေါင်မှုပြဿနာမျိုးဖြစ်ပါတယ်။ အခုနှစ် ကော်လိုရာဒိုပြည်နယ်ရဲ့ နွေရာသီဟာ သာမန်ထက် အပူချိန်မြင့်မားခဲ့သလို သာမန်ထက်လဲ ခြောက်သွေ့တဲ့ နွေရာသီဖြစ်ခဲ့ပါတယ်။ စစ်တမ်းတွေအရတော့ ကော်လိုရာဒိုပြည်နယ်ရဲ့ ၈၀ ရာခိုင်နှုန်းသော ဒေသတွေဟာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဆိုးရွားတဲ့ မိုးခေါင်မှုပြဿနာ ဆိုပေမဲ့ ၂၀၂၀ ပြည့်နှစ်က ဖြစ်ပေါ်ခဲ့တဲ့ မိုးခေါင်မှုပြဿနာကိုတော့ မမီကြောင်း စစ်တမ်းတွေအရ သိရပါတယ်"ဟု ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သူ ပီတာဂိုဘယ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# နိုင်ဂျီးရီးယားနိုင်ငံ ဇာရီယာဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံသုံးဦးထက်မနည်း သေဆုံးခဲ့

အဘူဂျာ စက်တင်ဘာ ၁၂

နိုင်ဂျီးရီးယားနိုင်ငံ ကာဒူနာပြည်နယ် ဇာရီယာဒေသတွင် စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၁ ရက်ထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံသုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကာဒူနာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၁၁ ရက်သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ကယ်ဆယ်ရေး ဝန်ထမ်းများက ရေဘေးဒဏ်သင့်ပြည်သူတချို့ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေကြောင်း၊ ရေကြီးရေလျှံမှုပြဿနာဖြင့် အဓိက ရင်ဆိုင်နေရသည့် ဇရီယာမှာ ဂါစကီယာ လမ်းမကြီးဖြစ်ပြီး သေဆုံးသူ သုံးဦးမှာလည်း ဂါစကီယာလမ်းကို ဖြတ်သန်းသွားလာစဉ် ရုတ်တရက်ရေလွှမ်းလာရာမှ ရေစီးနှင့်အတူမျောပါကာ သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း ရေကြီးရေလျှံမှုကြောင့် လမ်းပိုင်းပျက်စီးမှုများရှိခဲ့ပြီး ဂါစကီယာလမ်းကို ယာယီပိတ်ထားကြောင်း ကာဒူနာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



"ဇာရီယာဒေသမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဂါစကီယာလမ်းမှာ လမ်းပိုင်းပျက်စီးမှုတွေလဲ ရှိခဲ့သလို မော်တော်ယာဉ် အသုံးပြုတာမျိုး ဖြတ်သန်း သွားလာတာမျိုးအတွက် အန္တရာယ်များတဲ့ အခြေအနေဖြစ်ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေလဲ ရေဘေးဒဏ်သင့်ဇရီယာတစ်လျှောက်လုံးမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကာဒူနာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ ဘာဒါမာစီက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဘူလ်ဂေးရီးယားနိုင်ငံ ဆာကာတောင်တန်းတွင် လောင်ကျွမ်းနေသော တောမီးကြောင့် သစ်တောမြေဟက်တာ ၁၃၀၀ ကျော် ပျက်စီး

ဆိုဖီယာ စက်တင်ဘာ ၁၂

ဘူလ်ဂေးရီးယားနိုင်ငံ ဆာကာတောင်တန်းတွင် စက်တင်ဘာ ၁၀ ရက်က တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၁၃၀၀ ကျော်ထိ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နေကြောင်း Fire Safety and Civil Protection Service က ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းနေသည့် သစ်တောမြေဟက်တာ ၁၃၀၀ ကျော်အနက် ဟက်တာ ၁၀၀၀ ခန့်မှာ ရာနှုန်းပြည့်ပျက်စီးသွားခဲ့ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များကို အဖွဲ့ ၁၃ ဖွဲ့ခွဲကာ တောမီးကို ငြိမ်းသတ်ပေးလျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေသည့် ဆာကာတောင်တန်းသည် မလာဒီနိုဗိုကျေးလက်ဒေသ၊ ကိုစတာကျေးလက်ဒေသ၊ လီဆိုဗိုကျေးလက်ဒေသတို့နှင့် နီးကပ်နေသည့်အတွက် လူနေရပ်များဆီသို့ ကူးစက်လောင်ကျွမ်းမှု မဖြစ်ပေါ်စေရေးအတွက် ဦးစားပေးငြိမ်းသတ် လျက်ရှိကြောင်း Fire Safety and Civil Protection Service က ထုတ်ပြန်သွားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေတဲ့ သစ်တောမြေဟက်တာ ၁၃၀၀ ကျော်ထိ ရှိနေပြီး တောမီး လောင်ကျွမ်းမှုကြောင့် ဟက်တာ ၁၀၀၀လောက်ကတော့ ရာနှုန်းပြည့် ပျက်စီးသွားပြီဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ကြိုးစားနေပါတယ်" ဟု Fire Safety and Civil Protection Service မှ တာဝန်ရှိသူ ချာကိုလော့ဇ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အာဖဂန်နစ္စတန် ငလျင်ဒဏ်သင့်ပြည်သူများကို ပံ့ပိုးပေးရေးအတွက် UN က နိုင်ငံတကာကို ဒေါ်လာသန်း ၁၄၀ အကူအညီတောင်းခံ

ကဘူးလ် စက်တင်ဘာ ၁၂

ကုလသမဂ္ဂအဖွဲ့ (UN)သည် အာဖဂန်နစ္စတန်နိုင်ငံမှ ငလျင်ဒဏ်သင့်ပြည်သူများကို ပံ့ပိုးပေးနိုင်ရေးအတွက် ရန်ပုံငွေအနေဖြင့် နိုင်ငံတကာကိုအမေရိကန်ဒေါ်လာ သန်း ၁၄၀ ထိ ရရှိရေးအတွက် အကူအညီ တောင်းခံလိုက်ကြောင်း ကုလသမဂ္ဂအဖွဲ့ (UN) က ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ကြောင့် အခြေခံအဆောက်အအုံနှင့် လူနေအိမ်များပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂအဖွဲ့က ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရေးအတွက် နိုင်ငံတကာ၏အကူအညီ ရရှိရန်လိုအပ်နေပြီး လူသားချင်း စာနာထောက်ထားမှု အနေဖြင့် ကူညီပေးရန် အမေရိကန်ဒေါ်လာသန်း ၁၄၀ ထိ လိုအပ်နေကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လေးလတာကာလအတွင်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သွားခဲ့သည်။

"အာဖဂန်နစ္စတန်နိုင်ငံအတွက် ကူညီပေးဖို့ နိုင်ငံတကာကို တိုက်တွန်းချင်ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံရဲ့ ဆုံးရှုံးမှုတွေအတွက် အားလုံးစည်းလုံးပေးသင့်တဲ့ကာလလို့လဲ အသိပေးချင်ပါတယ်"ဟု ကုလသမဂ္ဂအဖွဲ့မှ အာဖဂန်နစ္စတန်နိုင်ငံ ဆိုင်ရာ လူသားချင်း စာနာထောက်ထားရေးအစီအစဉ်၏ သံတမန်ဖြစ်သူ အင်ဒရီကာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက အိမ်ရှင်အားသာချက်ရှိနေတဲ့ မန်စီးတီးအသင်း၊ ရိုးမားအသင်း၊ ဘာစီလိုနာအသင်းတို့ကို အားပေးရမှာပါ

M
L




တနင်္ဂနွေနေ့ည အမှတ်ပေးပွဲစဉ်တွေမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေများနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကိုကြည့်ရှုရအုံးမှာပါ။ လက်ရှိထိပ်သီးလိဂ်ငါးခုမှာ နိုင်ငံတကာပြိုင်ပွဲကာလမတိုင်ခင်မှာ ပရီးမီးယားလိဂ်က မန်စီးတီး၊ စပါး၊ အာဆင်နယ်တို့ ရှုံးပွဲကြုံခဲ့သလို လာလီဂါကလဲ ဘာစီလိုနာ၊ ဆိုစီဒက်၊ အေတီကို၊ ဗီလာရီးရဲလ်အသင်းတို့ ရမှတ်ခွဲပေးလိုက်ရတာကိုတွေ့ရမှာပါ။ ဒ့ါပြင် စီးရီးအေပြိုင်ပွဲမှာလဲ အင်တာမီလန်၊ ဖီအိုရင်တီးနား၊ အတ္တလန်တာအသင်းတို့ ရမှတ်ဆုံးရှုံးခဲ့တာဖြစ်လို့ အခုတစ်ပတ်ပြန်လည်စတင်မဲ့ အမှတ်ပေးပွဲမှာ အသင်းကြီးအများစုက ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ ရမှတ်ရှာဖွေလာမှာ ဖြစ်ပါတယ်။ အဲဒီရမှတ်ရှာရမဲ့ အသင်းကြီးတွေထဲက အိမ်ကွင်းပရိသတ်တွေရှေ့မှာ ရမှတ်အပြည့်ရယူဖို့ အစွမ်းကုန်ကြိုးစားလာမဲ့ အသင်းတွေကိုသာ အားပေးရမှာပါ။

### မန်စီးတီးအသင်းပဲ ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ်(၄)မှာ အကြိုက်တွေ့မိတာကတော့ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှု သုံးကြိမ်ရှိခဲ့ရာမှာ မန်ယူအသင်းက နှစ်ပွဲသရေနဲ့ တစ်ပွဲအနိုင်ရခဲ့တာကို တွေ့ရမှာပါ။ မန်စီးတီးအသင်းဟာပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဓိက ကစားသမားတွေဒဏ်ရာရသွားတာကြောင့် ကစားပုံကျဆင်းသွားခဲ့ပြီး ဖလားလက်မဲ့ရာသီနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အခုနွေရာသီအပြောင်းအရွှေ့မှာ ဒွန်နာရမ်မာ၊ ထရက်ဖို့ဒ်၊ နိုင်ပန်၊ ရိုင်းဒါးစ်၊ ချာကီ၊ အိတ်နူရီတို့လို ကစားသမားတွေ ခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အသင်းရဲ့ကစားပုံဟာ တိုက်စစ်မှူးဟာလန်းကိုဖန်တီးပေးနိုင်မဲ့ ကစားသမားမရှိတာကြောင့် ဂိုးရဖို့ရုန်းကန်ခဲ့ရသလို ကွင်းလယ်က ရိုင်းဒါးစ်၊ ဘာနာဒိုဆေးဗား၊ မာမွတ်၊ အော်စကာဘော့တို့ ပုံမှန်ခြေစွမ်းအောက် ကျရောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဂွါဒီယိုလာ အခုပွဲမှာ ဒီကစားသမားတွေနေရာမှာ အခြားကစားသမားတွေနဲ့ အစားထိုးလာမှာ သေချာသလို မာမွတ်ရှ်လဲဒဏ်ရာရနေတာကြောင့် အခုပါနိုင်မှာမဟုတ်ပါဘူး။ သူတို့အသင်းဟာ အမှတ်ပေးပွဲသုံးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့တာကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ လာမဲ့ပွဲမှာတော့ အားနည်းချက်ဖြစ်နေတဲ့ဂိုးသမားနေရာမှာ ဒွန်နာရမ်မာပါဝင်ကစားမှာဖြစ်တာကြောင့် ခြေစွမ်းပိုင်းကျဆင်းနေတဲ့ မန်ယူအသင်းကိုတော့ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

မန်ယူအသင်းဟာ နည်းပြအာမိုရင်လက်ထက်မှာ ရလဒ်အဆိုးရွားဆုံးစံချိန်ကို ပိုင်ဆိုင်ခဲ့တာကြောင့် ဖိအားအောက်ကျရောက်နေပြီး ကစားသမားတွေကလဲ ယုံကြည်မှုပျောက်ဆုံးနေတာဖြစ်ပါတယ်။ နွေရာသီအပြောင်းအရွှေ့မှာတော့ ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ အမ်ဘူမို၊ ကန်ဟာတို့လို တိုက်စစ်မှူးတွေ ခေါ်ယူခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ရာသီအဖွင့်ပွဲတွေမှာ တိုက်စစ်ကအသစ်ခေါ်ယူထားတဲ့ကစားသမားတွေ ဂိုးရဖို့ရုန်းကန်ခဲ့ရသလို ခံစစ်ပိုင်းကလဲ အသင်းငယ်တွေကိုတောင် ဂိုးပေးနေရပြီး ခြေစွမ်းပိုင်းကျဆင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိ၃-၄-၂-၁ ကစားကွက်မှာ ကက်စမဲရိုးက ပြိုင်ဘက်ရဲ့တိုက်စစ်ကို ဟန့်တားနိုင်ခြင်းမရှိသလို ဖာနန်ဒက်စ်ကလဲ တိုက်စစ်လိုက်ပါလွန်းနေတာကြောင့် ခံစစ်တိုက်စစ်ချိတ်ဆက်မှု အားနည်းနေတယ်လို့ ဆိုရမှာပါ။ မန်စီးတီးနဲ့ပွဲမှာတော့ မန်ယူအသင်းခံစစ်ပိုင်း မပြင်နိုင်ရင် ပရီးမီးယားလိဂ်ရဲ့ အဆုံးသတ်ကောင်းတဲ့ တိုက်စစ်မှူးဟာလန်းကို ထိန်းချုပ်ဖို့ မလွယ်ကူတာကြောင့် အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရှာဖွေရမဲ့ မန်စီးတီးပဲရလဒ်ကောင်းမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၃ | - | ၄ | အယ်ဟိုင်လာ |
| ပါလာမို | ၀ | - | ၃ | မန်စီးတီး |
| ဝုဗ် | ၀ | - | ၄ | မန်စီးတီး |
| မန်စီးတီး | ၀ | - | ၂ | စပါး |
| ဘရိုက်တန် | ၂ | - | ၁ | မန်စီးတီး |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၁ | - | ၁ | ဖီအိုရင်တီးနား |
| မန်ယူ | ၀ | - | ၁ | အာဆင်နယ် |
| ဖူလ်ဟမ် | ၁ | - | ၁ | မန်ယူ |
| ဂရင်းစ်ဘိုင် | ၂ | - | ၂ | မန်ယူ |
| မန်ယူ | ၃ | - | ၂ | ဘန်လေ |

### ရိုးမားအသင်းနဲ့လက်တွဲရမှာပါ

အီတလီစီးရီးအေ ပွဲစဉ် (၃) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရိုးမားအသင်းနဲ့ တိုရီနိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ နည်းပြဂတ်ပါရီနီကို ခန့်အပ်နိုင်ခဲ့တာကြောင့် နည်းစနစ်ပိုင်းပိုကောင်းလာခဲ့ပြီး ခံစစ်ကစားပုံတည်ငြိမ်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အပြောင်းအရွှေ့မှာ အဓိကကစားသမားတွေအားလုံး ထိန်းသိမ်းနိုင်ခဲ့ပြီး ခံစစ်ကစားသမား ဝက်စ်လေကိုသာ ငွေကြေးသုံးစွဲခေါ်ယူခဲ့တာဖြစ်ပါတယ်။ ရာသီအဖွင့်ပွဲမှာတော့ နည်းပြဂတ်ပါရီနီဟာ အသစ်ခေါ်ယူထားတဲ့ကစားသမားတွေကို အကောင်းဆုံးအသုံးချနိုင်ခဲ့တာဖြစ်လို့ ဘိုလော့နာအသင်းကို တစ်ဂိုးဂိုးမရှိ၊ ပီဆာအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ရိုးမားရဲ့ခံစစ်ကစားပုံဟာ ပြိုင်ဘက်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့တာဖြစ်လို့ အခုပွဲမှာလဲ ကစားပုံကျဆင်းနေတဲ့ တိုရီနိုအသင်းကို ထိန်းချုပ်နိုင်မှာ သေချာပါတယ်။

တိုရီနိုအသင်းဟာ အီတလီစီးရီးအေမှာ အရင်က အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်ခဲ့ပေမဲ့ ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတာကြောင့် နောက်ပိုင်းနှစ်တွေမှာ စုဖွဲ့မှုအားနည်းသွားတာဖြစ်ပါတယ်။ နွေရာသီအပြောင်းအရွှေ့မှာ ငွေကြေးသုံးစွဲနိုင်ခြင်းမရှိတာကြောင့် အဖွင့်ပွဲစဉ်မှာ အင်တာမီလန်ကို ငါးဂိုးဂိုးမရှိ၊ ဒုတိယပွဲမှာ ဖီအိုရင်တီးနားကို ဂိုးမရှိသရေသာကစားနိုင်ခဲ့လို့ နှစ်ပွဲကစားအပြီး ရမှတ်တစ်မှတ်နဲ့ တန်းဆင်းဇုန်ထဲရောက်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ အဖွင့်ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရပြီး အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်ရှာနိုင်တာကြောင့် ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၁၁) ထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဝေးကွင်း ၁၉ ပွဲကစားခဲ့ရာမှာတော့ နိုင်ပွဲလေးပွဲသာရှိခဲ့တဲ့ အဝေးကွင်းကစားပုံက ဆိုးရွားခဲ့တာကို တွေ့ရမှာပါ။ လက်ရှိသူတို့နှစ်သင်း စုဖွဲ့မှုမှာတော့ ရိုးမားအသင်းက သာနေသလို နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းမှာလဲ ရိုးမားအသင်းက အသာရနေတာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာနေတဲ့ အိမ်ရှင်ရိုးမားအသင်းနဲ့ပဲလက်တွဲရမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၄ | - | ၀ | ရိုးမား |
| အဲဗာတန် | ၀ | - | ၁ | ရိုးမား |
| ရိုးမား | ၂ | - | ၂ | နီအွန် |
| ရိုးမား | ၁ | - | ၀ | ဘိုလော့နာ |
| ပီဇာ | ၀ | - | ၁ | ရိုးမား |

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၁ | - | ၃ | မိုနာကို |
| ဗလင်စီယာ | ၃ | - | ၀ | တိုရီနို |
| တိုရီနို | ၁ | - | ၀ | မိုဒီနာ |
| အင်တာမီလန် | ၅ | - | ၀ | တိုရီနို |
| တိုရီနို | ၀ | - | ၀ | ဖီအိုရင်တီးနား |

### ဘာစီလိုနာအသင်း အနိုင်ရမှာပါ

လာလီဂါပွဲစဉ် (၄) မှာ အကြိုက်တွေ့တာကတော့ ဘာစီလိုနာအသင်းနဲ့ဗလင်စီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ချန်ပီယံ ဘာစီလိုနာအသင်းဟာ အဖွင့်ပွဲသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိခဲ့တာကြောင့် ရမှတ်ခုနစ်မှတ်နဲ့ အဆင့်(၄)မှာရောက်ရှိခဲ့တာကို တွေ့ရမှာပါ။သူတို့အသင်းဟာ အခုရာသီမှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နဲ့ ဂိုးသမား ဂါစီယာကိုသာခေါ်ယူခဲ့ပြီး အသင်းက အဓိကကစားသမားတွေအားလုံး ဆက်လက်ထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ နည်းပြဖလစ်ကတော့ အသစ်ခေါ်ယူထားတဲ့ ဂိုးသမားဂါစီယာကို ဦးစားပေးအသုံးပြုနေပြီး ကျန်ကစားသမားတွေကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီကအတိုင်း ပွဲထွက်နေတာဖြစ်ပါတယ်။ လက်ရှိအသင်းတိုက်စစ်ကိုတော့ လီဝင်ဒေါစကီး ဒဏ်ရာရနေတာကြောင့် ဖာရန်တောရက်၊ ရာဖင်ဟာ၊ ယာမယ်၊ ဖာမင်လိုပက်ဇ်တို့နဲ့ ပွဲထွက်နေပြီး အခုပွဲမှာ လီဝင်ဒေါစကီးပါဝင်မှာဖြစ်လို့ တိုက်စစ်ကစားပုံပိုကောင်းလာမှာ သေချာပါတယ်။ ဘာစီလိုနာရဲ့ ကစားကွက်ပိုင်းဟာ လူငယ်ကစားသမားတွေကြောင့် ကစားအားကျဆင်းသွားခြင်းမရှိဘဲ ပွဲချိန်ပြည့်တိုက်စစ်ဆင်နိုင်တာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ ဗလင်စီယာလိုအဝေးကွင်း ခံစစ်ပိုင်းအားနည်းတဲ့ အသင်းနဲ့တွေ့နေတာကြောင့် ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

ဗလင်စီယာအသင်းဟာ ဂိုးသမားမာမာဒက်ရှ်ဗီလီကို လက်လွှတ်ခဲ့ရတာကြောင့် ခံစစ်ပိုင်းအားနည်းသွားတာဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာတော့ ဆိုစီဒက်ကို သရေသာကစားနိုင်ခဲ့သလို ဒုတိယပွဲမှာလဲ အိုဆာဆူနာကို တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးပွဲမှာတော့ အိမ်ကွင်းအားသာချက်နဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ ဂီတာဖေးကို သုံးဂိုးပြတ်အနိုင်ရခဲ့တဲ့ခြေစွမ်းကတော့အားရစရာ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိဗလင်စီယာအသင်းက ကစားသမားကောင်းတွေ ခေါ်ယူနိုင်ခြင်းမရှိတော့တာကြောင့် အသင်းကြီးတွေနဲ့ဆို ခံစစ်အားပြုကစားခဲ့ရပြီး ပေးဂိုးတွေများနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီ နှစ်ကျော့တွေ့ဆုံခဲ့ရာမှာလဲ ဘာစီလိုနာအသင်းက နှစ်ကျော့ပေါင်း သွင်းဂိုး ၁၂ ဂိုးထိ သွင်းယူနိုင်ခဲ့တာကြောင့် အခုပွဲမှာလဲ ဂိုးသမားမာမာဒက်ရှ်ဗီလီမရှိတဲ့ ဂိုးပေါက်အနေနဲ့ ယာမယ်၊ ရာဖင်ဟာ၊ ဖာမင်လိုပက်ဇ်၊ လီဝင်ဒေါစကီးတို့ရဲ့ ကန်သွင်းချက်တွေကို ကာကွယ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒ့ါပြင် ဗလင်စီယာရဲ့အဝေးကွင်းကစားပုံဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာလဲ နှစ်ပွဲသာအနိုင်ရခဲ့တာကြောင့် အဝေးကွင်းခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဗလင်စီယာအသင်း ခံစစ်ပိုင်းမပြင်နိုင်ရင်တော့ ဘာစီလိုနာအသင်းရဲ့ သွင်းဂိုးတွေသာ ရေတွက်ရမှာဖြစ်လို့ ဘာစီလိုနာအသင်းပဲ အနိုင်ရမှာပါ။

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေဂူး | ၀ | - | ၅ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၅ | - | ၀ | ကိုမို |
| မာယော့ကာ | ၀ | - | ၃ | ဘာစီလိုနာ |
| လီဗန်တေး | ၂ | - | ၃ | ဘာစီလိုနာ |
| ဗယ်လ်ကာနို | ၁ | - | ၁ | ဘာစီလိုနာ |

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၂ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၃ | - | ၀ | တိုရီနို |
| ဗလင်စီယာ | ၁ | - | ၁ | ဆိုစီဒက် |
| အိုဆာဆူနာ | ၁ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၃ | - | ၀ | ဂီတာဖေး |

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) | **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) | **လားရှိုးမြို့** | အထက(၅)၊ လားရှိုးမြို့။ |
| (ဃ) | **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) | **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) | **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) | **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) | **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) | **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) | **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ရှောဝတီခန်းမ။ |
| (ဋ) | **မုံရွာမြို့** | အထက(၂)၊ အလုံတပ်မြို့။ |
| (ဌ) | **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) | **တောင်ငူမြို့** | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ မင်္ဂလာမန္တလေးဝင်း၊ ငုရွှေဝါကွန်ဒိုတာဝါရှိ တိုက်ခန်းအမှတ်(B–503)သည် ကျွန်တော် ဦးလျူစယ်စိန် (ခ) သာမောင် ဝယ်ယူနေထိုင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာအုပ်များသည် ယခင်ကာလတွင် အသိမ်းလွန်ပျောက်ဆုံးလျက်ရှိပါသည်။ သို့ပါ၍ အဆိုပါပျောက်ဆုံးစာရွက်စာတမ်းများအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဌာနတွင် ပိုင်ဆိုင်မှုစာအုပ်မိတ္တူမှန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလျူစယ်စိန် (ခ) သာမောင်
၀၉-၇၅၄၅၄၁၃၇၃

## အများသိစေရန် ကြေညာခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၊ သာယာအေး အမှတ်(၁)ရပ်ကွက်ရှိ ၅၁၂/ကူမဲကွင်း၊ ဦးပိုင်အမှတ် (၆၇–က/၃.၂) ဂရန်အမည်ပေါက် (၀.၀၅၄)ဧကမြေနှင့် မြေပေါ်ရှိ အဆောက်အဦအားလုံးသည် (ဦးညွန့်ဝင်း)နှင့် ဒေါ်ချိုချိုနွယ် ပိုင်ဆိုင်ပါသည်။ မည်သည့် ဘယ်သား/သမီးကိုမှ အမွေခွဲဝေပေးထားခြင်းမရှိပါကြောင်းနှင့် ယခုအချိန်တွင် ထိုဝင်းမြေပေါ်ရှိအိမ်၌ နေထိုင်လျက်ရှိသော သားဖြစ်သူ မောင်ကောင်းသာအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အဆင့်ဆင့်လွှဲပြောင်းမပြုပါရန် အကြောင်းကြားအပ်ပါသည်။

ရောင်းချခြင်း၊ ပေါင်နှံခြင်းပြုလုပ်ခဲ့ပါက တရားဥပဒေအရ (ရောင်းချသူ/လက်ခံသူ) နှစ်ဦးလုံးအား ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်ချိုချိုနွယ်
၉/မရမ(နိုင်)၀၅၄၅၄၈

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၄)၊ Grade–12(STEAMS–I) မှ မကေသွယ်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးငွေးငွေး ဖြစ်ပါကြောင်း။

ဦးငွေးငွေး
(၉/မရတ(နိုင်)၀၃၂၉၇၇)

## အဖိုးတန်

## ရေချိုကို

## ချွေတာပါ

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ Grade–5 မှ မမှုံနံ့သာ၏ဖခင်အမည်မှန်မှာ ဦးသိန်းဦးဖြစ်ပါကြောင်း။

ဦးသိန်းဦး(၉/အမရ(နိုင်)၁၉၁၅၇၃)

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်း ကိုယ်ပိုင်အထက်တန်း ကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မောင်ကောင်းနိုင်ဝေ၏ဖခင်အမည်မှန်မှာ ဦးအောင်မာနှင့် ဦးလှဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်မာ (ခ) ဦးလှဦး
(၅/ကလဝ(နိုင်)၀၁၇၂၆၁)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၄)၊ Grade–12(STEAMS–II)မှ မောင်လင်းကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မောင်ဖြစ်ပါကြောင်း။

ဦးအောင်မောင်(၁၃/ကလန(နိုင်)၀၃၆၄၁၉)

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ စနိုးကွင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော မောင်အလင်းရောင်(၉/အမဇ(နိုင်)၀၇၈၆၅၉)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မျိုးနိုင်ဖြစ်ပါကြောင်း။

ဦးအောင်မျိုးနိုင်(၉/မနမ(နိုင်)၁၀၄၂၂၅)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၄)၊ Grade–12(STEAMS–I)မှ မနီလာခိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းမင်းစိုးဖြစ်ပါကြောင်း။

ဦးမင်းမင်းစိုး(၁၂/ဥကမ(နိုင်)၂၅၈၀၀၀)

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

❖ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်**

စာမျက်နှာ - ၁၉

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာလာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၂၄ ကော်လံ ၁☆

## မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်မှုများကြောင့်

စာမျက်နှာ ၂၅ ကော်လံ ၁❖

တရားခံ ၁၆ ဦး၊ မော်တော်ယာဉ် ငါးစီး၊ အိုက်စ်ကီလိုဂရမ် ၄၄၄၀၊ ကက်တမင်း ကီလိုဂရမ် ၁၁၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားသိန်း ၄၀၊ ဘိန်းဖြူ ၁၄ ကီလိုဂရမ် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်ကို တွေ့ရစဉ်။



